# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**

**(၂၀၁၁ ခုနှစ်၊ မတ်လ ၁၁ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀ း ၀၃ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၄၃၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့(၉၉.၅၄) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေသုံးပုံတစ်ပုံ ထက်ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ၄၀ နဲ့ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က) နဲ့ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးအဋ္ဌမနေ့အစီအစဉ်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀ း ၀၅ ။**

**ဥက္ကဋ္ဌ။** ။ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ) ၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း၊ လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀ း ၀၆ ။**

**ဦးသိန်းထွန်းဦး(အမရပူရ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း အမရပူရ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘဒွေး၏ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ် ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘဒွေးသည် ဇနီးဖြစ်သူ ပြည်ပတွင် ဆေးကုသခံယူနေဆဲ ဖြစ်ပါသဖြင့် အနီးကပ် ပြုစုနိုင်ပါရန် (၁၁.၃.၂၀၁၁) နေ့မှ (၃၁.၃.၂၀၁၁)နေ့ထိ ကျင်းပလျက်ရှိသော ပြည်သူ့လွှတ်တော် အစည်းအဝေး များကို တက်ရောက်ခြင်းမှ ခွင့်ပြုပေးပါရန် ဦးဘဒွေး၏ ကိုယ်စားလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုးကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဘဒွေးအတွက်ခွင့် ပန်ကြားချက်ကို ခွင့်ပြုဖို့လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၀၇ ။**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး အဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၄၃၃)ဦး ၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ (၁ )ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးဖြစ်၍၊ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၂)ဦး ဖြစ်ပါတယ်။ ခွင့်ပန်ကြား ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခုပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ) ၊ နည်းဥပဒေခွဲငယ်(၂)အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်သူ့ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်သူ့လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀ း ၀၈ ။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားတဲ့မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်တဲ့ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်းများဆောင်ရွက်မှာဖြစ်ပါတယ်။လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းပြီးချိန်မှာဖြေကြားရမယ့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားဖို့ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်မှ ဆေးကျောင်းသားများသည် နီးစပ်ရာ မန္တလေးဆေးတက္ကသိုလ်၌ မတက်ရဘဲ ပိုမိုဝေးကွာသော မကွေး ဆေးတက္ကသိုလ်သို့ သွားရောက်သင်ကြားရခြင်းကဲ့သို့ ဇုန်အလိုက် သတ်မှတ်ထားတဲ့ တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားရသည့် ကန့်သတ်ချက်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ မူဆယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်က ရှမ်းပြည်နယ်မှ ဆေးကျောင်းသားများသည် နီးစပ်ရာ မန္တလေးဆေးတက္ကသိုလ်၌ မတက်ရဘဲ ပိုမိုဝေးကွာသော မကွေး ဆေးတက္ကသိုလ်သို့ သွားရောက်သင်ကြားရခြင်းကဲ့သို့ ဇုန်အလိုက် သတ်မှတ်ထားတဲ့ တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားရသည့် ကန့်သတ်ချက်နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၀ း ၁၀ ။**

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နေ့တစ်နေ့ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းဘိုးအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်မှ ကျောင်းသားများဟာ နီးစပ်ရာ မန္တလေးဆေးတက္ကသိုလ်၌ မတက်ရဘဲ ပိုမို ခရီးဝေးတဲ့ မကွေးဆေးတက္ကသိုလ်သို့ သွားရောက်သင်ကြားရခြင်း၊ ရှမ်းပြည်နယ်မှ စီးပွားရေးတက္ကသိုလ်ကျောင်းသားများဟာ မုံရွာစီးပွားရေးတက္ကသိုလ်သို့ သွားရောက်သင်ကြားရခြင်း စသဖြင့် ဇုန်အလိုက် သတ်မှတ်ထားတဲ့ တက္ကသိုလ်၊ ကောလိပ်များတွင်သာ သွားရောက် သင်ကြားရတဲ့

ကန့်သတ်ချက်ကြောင့်လည်းကောင်း၊ ရွေးယခင်ကကဲ့သို့ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနများမှ စီစဥ်ပေးတဲ့နေထိုင်စားသောက်စရိတ် သက်သာစွာဖြင့် ပညာသင်ခွင့်ရတဲ့ တက္ကသိုလ် ကျောင်းသား အဆောင်များ မရှိတော့သဖြင့် နေထိုင် စားသောက်စရိတ်နဲ့ ခရီးစရိတ် ဝန်ပိမှုကြောင့် လည်းကောင်း၊ အခြေခံလူတန်းစားများရဲ့ သား၊ သမီးများ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ရေးမှာ အခက်အခဲ များစွာကြုံတွေ့ရသဖြင့် ပညာရေးအဟောသိကံဖြစ်မှု များစွာရှိနေကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း အားနည်းနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် အနာဂတ်အစိုးရက လူ့စွမ်းအားအရင်းအမြစ် တိုးမြှင့်ဖော်ထုတ်နိုင်ရေးအတွက် အထက်ပါအားနည်းချက်များကို မည်သို့ စီမံ၊ဖြေရှင်း၊ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာကျော်မြင့်(ဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးတော့ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၏ မေးခွန်း နှင့်ပတ်သက်ပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်။ ဦးစိုင်းဘိုးအောင်ရဲ့ မေးခွန်းကတော့ ကျွန်တော့်အနေနဲ့ နှစ်ပိုင်းဖြစ်တာကို တွေ့ရှိရ ပါတယ်။ ပထမပိုင်း ကတော့ ဆေးတက္ကသိုလ်ဝင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဒုတိယပိုင်းကတော့ ဇုန်အလိုက်သတ်မှတ်ထားတဲ့ တက္ကသိုလ်၊ ကောလိပ်များနဲ့ သင်ကြားရခြင်း ကန့်သတ်ချက်တို့ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ကတော့ ကျန်းမာရေးဌာနနဲ့သာ ပတ်သက်သည့် မေးခွန်းသာ ဖြေကြားခွင့် ပြုပါရန် ဦးစိုင်းဘိုးအောင် အား ကျွန်တော်မေတ္တာရပ်ခံ အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်မြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုတာ ကတော့ ကျွန်တော်တို့ ဒီဆေးတက္ကသိုလ်များကို တက်ရောက်သင်ကြားခွင့်နှင့် ပတ်သက်၍ ၁၉၆၄ ခုနှစ်မှ စပြီးတော့ စနစ်သစ်ပညာရေးအရ အခြေခံပညာအထက်တန်းစာမေးပွဲကို သိပ္ပံဘာသာ တွဲဖြင့် အောင်မြင်သူများကို ရမှတ်အလိုက် အခြေခံ၍ ဆေးတက္ကသိုလ်များကို ဝင်ခွင့် ပြုခဲ့ပါတယ်။ ထိုစဥ်က ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်နှင့် ဆေးတက္ကသိုလ် မန္တလေးဟူ၍ ဆေးတက္ကသိုလ်(၃)ခုသာ ရှိပြီးတော့ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ဦးရေ ၅၅၀ ကိုပဲ လက်ခံ

သင်ကြားပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးနှင့်မြန်မာပြည်အောက်ပိုင်းမှ ကျောင်းသူကျောင်းသားများက ထိုစဉ်က ဆေးတက္ကသိုလ် (၁) ရန်ကုန်နဲ့ ဆေးတက္ကသိုလ်(၂) ရန်ကုန်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မြန်မာပြည်အထက်ပိုင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကျောင်းသူ၊ ကျောင်းသားများသည် ဆေးတက္ကသိုလ်မန္တလေးသို့လည်းကောင်း ပညာသင်ကြားခွင့်ပြုခဲ့ပါတယ်။ ၂၀၀၁ခုနှစ်၊ မေလတွင် ဆေးတက္ကသိုလ်မကွေးကို ဖွင့်လှစ်ခဲ့ပြီးတော့ ကျောင်းသား၊ ကျောင်းသူဦးရေ တိုးမြှင့်လက်ခံရာ ယခု အချိန်အခါမှာ ဆိုလို့ရှိရင် ကျောင်းသား၊ ကျောင်းသူဦးရေ (၂၄၀၀)ကျော် လက်ခံသင်ကြားပေးလျက် ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ထိုသို့ တိုးမြှင့်လက်ခံရာတွင် ဆေးတက္ကသိုလ်များသို့ အကြမ်းအားဖြင့် ကျောင်းသား၊ ကျောင်းသူဦးရေ (၆၀၀) ဦးစီခန့် ညီမျှစွာခွဲဝေ ချထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမှ ကျောင်းသား၊ ကျောင်းသူ များသည် ဆေးတက္ကသိုလ်(၁) ရန်ကုန်နဲ့ ဆေးတက္ကသိုလ်(၂) ရန်ကုန်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ အောင်မြင်သူများသည် ဆေးတက္ကသိုလ်မန္တလေးသို့လည်းကောင်း၊ တက်ရောက် ပညာသင်ကြားခွင့်ရရှိအောင် ဆောင်ရွက်ခဲ့ပြီးတော့ ဆေးတက္ကသိုလ်မကွေးသို့ မကွေးတိုင်းဒေသကြီးမှ အောင်မြင်သူများ တက်ရောက်လျက်ရှိပါသည်။ သို့သော်ငြားလည်း မကွေးတိုင်းဒေသကြီးမှ အောင်မြင်သူများသည် နည်းသဖြင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အောင်မြင်သူအားလုံးကို မကွေးဆေးတက္ကသိုလ်ကို ကျွန်တော်တို့ တက်ရောက် ပညာသင်ကြားစေခဲ့သည့်အတိုင်း ယခုတိုင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။(သြဘာသံများ)

**လက်ကိုင်ဖုန်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်ကပင် လက်ကိုင်ဖုန်းနှင့်စပ်လျဉ်းသည့်မေးခွန်းမေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀ း ၁၇ ။**

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ လွှတ်တော်အစည်းအဝေးမှာ ကျွန်တော်ရဲ့ ဒုတိယမေးခွန်းကို တင်ပြမေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မှောက်ကာလမှာ နိုင်ငံတော်ဘက်စုံ၊ ကဏ္ဍစုံ၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးဟာ အလွန်အရေးပါတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ရဲ့အိမ်နီးချင်း နိုင်ငံများမှာ နိုင်ငံသားတိုင်း မိုဘိုင်းဖုန်းဆင်းကတ်များကို အဖိုးနှုန်းချိုသာစွာနဲ့ အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနေတာကို တွေ့ရှိရပါတယ်။ လက်ရှိအချိန်

လေ့လာတွေ့ရှိချက်အရဆိုရင် မိုဘိုင်းဖုန်း ဆင်းကတ်တစ်ခုရဲ့တန်ဖိုးဟာ တရုတ်နိုင်ငံမှာ တရုတ်ငွေ (၆၀) ယွမ် ၊ မြန်မာငွေကျပ် (၈၀၀၀)ခန့် ၊ လာအိုနိုင်ငံမှာ (၂၀၀၀၀)ကစ်ပ် ၊ မြန်မာငွေအားဖြင့် (၂၄၀၀)ကျပ်ခန့်၊ ထိုင်းနိုင်ငံမှာ (၄၉) ဘတ်၊ မြန်မာငွေ အားဖြင့် (၁၄၃၀) ကျပ်ခန့်၊ အိန္ဒိယနိုင်ငံမှာ (၅)ရူပီ၊ မြန်မာငွေအားဖြင့် (၁၀၅)ကျပ်ခန့်သာ ကျသင့်ကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အိမ်နီးချင်းနိုင်ငံများမှာ မြန်မာငွေကျပ်(၁၀၀၀၀)အောက် သာကျသင့်တဲ့ လက်ကိုင်ဖုန်းစနစ်များဟာ မြန်မာနိုင်ငံမှာ အဘယ်ကြောင့် ကျပ်(၅၀၀၀၀၀) ကျသင့် နေသည်ကို သိရှိလိုပါတယ်ခင်ဗျာ။ တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုသည်မှာ မြန်မာနိုင်ငံမှာ တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်း စနစ်ကိုမည်သည့်ကာလမှာ မည်ကဲ့သို့ ပေးနိုင်မည်ကို သိရှိလိုပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၂၀ ။**

**ဦးသိန်းဇော်(ဝန်ကြီး၊ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးရွှင်လန်း ချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ မူဆယ်မြို့နယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင် မေးမြန်းသော တယ်လီဖုန်း ဆက်သွယ်မှုဆိုင်ရာ မေးခွန်းကို ကျွန်တော် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်ကနေပြီး တော့ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ယခုလိုကိုယ်စားလှယ်တော်ကြီးများအားလုံးကို တယ်လီဖုန်းဆိုင်ရာ အခြေအနေ အချို့ကို ရှင်းလင်းတင်ပြနိုင်တဲ့ အခွင့်အလမ်းရရှိအောင် ကျွန်တော့်ကို ဖြေကြားခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီး နှင့်တကွ မေးခွန်းရှင်ကိုယ်စားလှယ်တော်ကြီးကို အထူးပင်ကျေးဇူးတင် ရှိပါတယ်လို့ပဏာမ ပြောလိုပါတယ်။

အိမ်နီးချင်းနိုင်ငံများမှာ မြန်မာငွေကျပ်(၁၀၀၀၀)ခန့်သာကျသင့်သည့် လက်ကိုင်ဖုန်းများကို မြန်မာနိုင်ငံတွင် အဘယ်ကြောင့် (၅၀၀၀၀၀) ခန့်ကျသင့်နေသည်ကို သိလိုပါတယ် ဆိုပြီးတော့ ကိုယ်စားလှယ်တော်ကြီးက မေးမြန်းထားပါတယ်။

ကျွန်တော်ပထမ အကျဉ်းချုံးပြီး ဖြေလိုပါတယ်။ တယ်လီဖုန်း တပ်ဆင်မှုစနစ်များဟာ လိုင်းအင်အား နည်းပါးလို့ရှိရင် လိုင်းတစ်လိုင်း အပေါ်မှာ ကျသင့်တဲ့ငွေ ပမာဏ ကြီးမားပါတယ်။

လိုင်းအင်အားများပြားလို့ရှိရင်လိုင်းတစ်လိုင်းအပေါ်မှာ ကျသင့်တဲ့ငွေပမာဏလျှော့နည်းသွားပါတယ်။ ဒါ့ကြောင့်လိုင်းများ အဆင့်အတန်းမြင့်မားကောင်းမွန်၍ လိုင်းအင်အားများတိုးချဲ့ရန်နှင့် လိုင်းတစ်လိုင်း အပေါ်ကျသင့်ငွေ လျှော့ချနိုင်ရေး အစီစဉ်များကို အဆင့်အလိုက် စနစ်တကျဆောင်ရွက်လျက် ရှိကြောင်းကို ပထမဖြေကြားလိုပါတယ်။ ယခုအခါ အားလုံးသိရှိတဲ့အတိုင်း ကျေးလက်နဲ့ မြို့ပြ ဒေသများမှာရှိတဲ့ (PCO)တယ်လီဖုန်း ၊ (Public Call Office)လို့ခေါ်တဲ့ တယ်လီဖုန်းတွေကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေအားလုံး လွယ်လင့်တကူပြောဆိုနိုင်ဖို့ရာအတွက် ကျွန်တော်တို့ အခမဲ့တပ်ဆင်ပေးပြီးတော့ ပြောဆိုခကိုသာ ယူတဲ့စနစ်ကို ဒီနေ့ ကျင့်သုံးပေးလျက်ရှိနေပါတယ်။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနေနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝကိုတိုက်ရိုက် အထောက်အကူ ဖြစ်စေတဲ့ တယ်လီဖုန်းတပ်ဆင်ခြင်းလုပ်ငန်းကို နိုင်ငံအနှံ့တိုးချဲ့ တပ်ဆင်ပေးလျက် ရှိပါတယ်။ တယ်လီဖုန်းတပ်ဆင်ရာတွင် တပ်ဆင်လိုတဲ့ နေရာမှာ အိတ်ချိန်းအဆောက်အအုံ တည်ဆောက်ပေးရပါတယ်။ ဆက်သွယ်ရေး၊ အဝေးဆက်သွယ်ရေးစနစ်များ တည်ဆောက်ပေး ရပါတယ်။ မြို့တွင်း ကေဘယ်တွေ တည်ဆောက် ပေးရပါတယ်။ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် လိုအပ်တဲ့ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်တဲ့ အခြေခံ အဆောက်အအုံများကို ကျွန်တော်တို့ တည်ဆောက်ပေးရတာ ဖြစ်ပါတယ်။ ဒီလောက်နဲ့တင် မကဘဲနဲ့ ကျွန်တော်တို့ တပ်ဆင်တဲ့ ဆက်သွယ်ရေးစနစ်ကနေပြီး ပြည်တွင်းအနှံ့နဲ့ ကမ္ဘာအနှံ့ ကိုပါပြောဆိုဆက်သွယ်နိုင်ဖို့ရာ အတွက် ဆက်သွယ်ရေး ဆက်ကြောင်းများနဲ့ Trunk Gate way များကိုလည်း တိုးချဲ့ပြီးတော့ဆောင်ရွက် ရပါတယ်။

ကျွန်တော့်အနေနဲ့ဆိုလိုတာက နေရာတစ်နေရာမှာ တယ်လီဖုန်းစနစ်တပ်ဆင်ရင် ဒီနေရာနဲ့ လိုက်လျောညီထွေစွာ ကျန်တဲ့နေရာအားလုံးမှာလည်း လွယ်လင့်တကူ ပြောဆိုဆက်သွယ်နိုင်ဖို့ရာ အတွက် ဆောင်ရွက်ရတယ်ဆိုတဲ့ အခြေအနေလေးကို ကျွန်တော်လုပ်ငန်းသဘာဝအရ တင်ပြခြင်း ဖြစ်ပါတယ်။ အော်တိုတယ်လီဖုန်းလိုင်းများနဲ့ပတ်သက်လို့ ပထမပြောလိုပါတယ်။ အော်တိုတယ်လီဖုန်း များစတင်တပ်ဆင်ချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ တစ်လိုင်းကိုဆယ်သိန်းကျော်ခန့် ကျွန်တော်တို့ ကျခဲ့ ပါတယ်။ မြို့နယ်များစွာမှာ တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ခဲ့တာနဲ့အမျှ ယခုအချိန်မှာ နယ်ဒေသ များမှာ အော်တိုတယ်လီဖုန်းတပ်ဆင်ခဟာခြောက်သိန်းကျော်ခန့်သာကျတဲ့အခြေအနေကို ရောက်ရှိ လာပါတယ်။ အလျဉ်းသင့်လို့ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြလိုပါတယ်။ ၁၉၈၈ခုနှစ်မှာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာအော်တိုအိတ်ချိန်းတပ်ဆင်ပြီး မြို့နယ်ပေါင်း(၁၂)မြို့နယ်သာ ကျွန်တော်တို့ရှိခဲ့ပါတယ်။

အော်တိုတယ်လီဖုန်း လိုင်းပေါင်းတစ်သောင်းနဲ့ နှစ်ထောင်ရှိခဲ့ပါတယ်။ ဒီနေ့ ယခုအချိန်အခါမှာ အော်တိုတယ်လီဖုန်းတပ်ဆင်ပြီး မြို့နယ်ပေါင်း (၃၀၄) မြို့နယ်ရှိပါတယ်။ အော်တိုတယ်လီဖုန်း အိတ်ချိန်းပေါင်း (၃၀၄)မြို့နယ်မှာ (၉၂၈)ခု တပ်ဆင်ပြီးတော့ လိုင်းအင်အားပေါင်း (၁၁၀၀၀၀၇) လိုင်းကို အသုံးပြုနေပါတယ်။ ယခုအခါမှာပိုမိုခေတ်မီပြီးတော့ ပိုမိုအဆင့်အတန်းမြင့်မားတဲ့ Soft Switch များကို အခြေခံပြီးတော့ Triple Play Services များကိုပါ ပြည်သူ လူထုကို ပေးနိုင်ဖို့အတွက် ဆောင်ရွက်လျက် ရှိတယ်ဆိုတာ အသိပေးတင်ပြအပ်ပါတယ်။

အထက်ပါ အော်တိုတယ်လီဖုန်း စနစ်လိုပါပဲ။ ရှေးဦးကာလ မိုဘိုင်းတယ်လီဖုန်းစနစ်များ တပ်ဆင်တဲ့ အချိန်မှာလည်း အခြေခံအဆောက်အအုံနဲ့ စက်ပစ္စည်းများကြောင့် စတင်တပ်ဆင်တဲ့ အချိန်မှာ တယ်လီဖုန်းတစ်လိုင်းကို (၁၅)သိန်းခန့်နဲ့ တပ်ဆင်ပေးခဲ့ရတဲ့အခြေအနေဖြစ်ခဲ့ပါတယ်။ မိုဘိုင်းစနစ်ကို တစ်နိုင်ငံလုံးအတိုင်း အတာအနေနဲ့ တိုးချဲ့တပ်ဆင်ခဲ့ရာမှာ အခြေခံအဆောက်အအုံ ပိုင်းဆိုင်ရာမှာ သုံးစွဲရန် လျော့နည်းလာတဲ့အတွက် ယခုအချိန်မှာ ဒေသသုံးမိုဘိုင်း တယ်လီဖုန်း တစ်လုံးကို (၅)သိန်းနှုန်းဖြင့် တပ်ဆင် ပေးလျက်ရှိပါတယ်။ ယခုအချိန်အထိ မိုဘိုင်းတယ်လီဖုန်း တပ်ဆင်ပြီးမြို့ပေါင်း(၂၂၁)မြို့ရှိပြီး၊ တပ်ဆင် ပြီးတဲ့ လိုင်းအင်အားပေါင်း နှစ်သန်းကျော်ဖြစ်ပါတယ်။ ထို့အပြင် ယခင်က တယ်လီဖုန်းပြောဆိုခများကို ဆောင်ရွက်တဲ့အချိန်မှာ ( Post Paid )လို့ခေါ်တဲ့ စနစ်ကို ကျင့်သုံးခဲ့ရာမှ ယခုအချိန်မှာ အများပြည်သူများ အားလုံး အဆင်ပြေစေရန်အတွက် Top up Cards များနှင့် (Prepaid) စနစ်ကိုပြောင်းလဲပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထိုသို့ တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ပြီး တပ်ဆင်ခနှုန်းထားများ လျော့နည်းအောင် ဆောင်ရွက်သကဲ့သို့ မိုဘိုင်း တယ်လီဖုန်းများမှာ Voice ဆိုတဲ့အသံသာမက Data ဆိုတဲ့ အချက် အလက်စနစ်များပါသုံးစွဲနိုင်စေရန်အတွက် တိုးတက်ဆောင်ရွက်လျက်ရှိပါတယ်။ Data စနစ်ကို သုံးစွဲတဲ့အချိန်မှာ ပိုမိုလုံခြုံသော နိုင်ငံအတွင်းတွင်ကျယ်ပြန့်စွာအားထား သုံးစွဲနိုင်မည့် Intranet စနစ်မှ Internet စနစ်သို့ တက်လှမ်းသုံးစွဲသွားနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ပေး လျက်ရှိတယ် ဆိုတာ အလျဉ်းသင့်လို့တင်ပြလိုပါတယ်။ တင်ပြပါအတိုင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနဟာ ပြည်သူများအတွက် ယနေ့ဆိုလို့ရှိရင် Transmission လိုင်းမှာ မိုင်ပေါင်း ခုနှစ်ထောင်ကျော် Fiber Cable များ ခင်းကျင်းပြီးတော့အဆင့်မြင့် Micro ဆက်ကြောင်းများ လည်းတပ်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ပဆက်သွယ်ရေး စနစ်များကိုလည်း တိုးချဲ့လျက်ရှိပါတယ်။ ကျန်တယ်လီဖုန်း စနစ်များကိုလည်းတိုးချဲ့လျက်ရှိပါတယ်။ တယ်လီဖုန်းလိုင်းတစ်လိုင်းရဲ့ တန်ဖိုး တဖြည်းဖြည်းလျော့နည်း ကျဆင်းသွားအောင်လည်း ဆောင်ရွက်လျက်ရှိတယ်လို့ ကျွန်တော်တို့တင်ပြ ပြောကြားလိုပါတယ်။ ထိုသို့ တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက် နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကနေပြီးတော့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ စိစစ်ခွင့်ပြုထားသော ရတနာပုံတယ်လီပို့စ်ကုမ္ပဏီနဲ့ သတင်းအချက်အလက် နည်းပညာဗဟိုဝန်ဆောင်မှုကုမ္ပဏီများနှင့် စုပေါင်း ပြီးဆောင်ရွက်လျက် ရှိနေတယ်ဆိုတာကိုလည်းတင်ပြ ပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့်အတိုင်း လက်ကိုင်တယ်လီဖုန်းလို့ ခေါ်ဆိုကြတဲ့ မိုဘိုင်းတယ်လီဖုန်းစနစ်ကို ပိုမို၍ပြည့်စုံကောင်းမွန်စေရန်နှင့် တပ်ဆင်ခ နှုန်းထားများ လျော့ချနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် နှစ်တို၊ နှစ်ရှည် စီမံချက်များ ချမှတ်ဆောင်ရွက်နေသည့် အစီအမံများတွင် ပါရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြဖြေကြားရင်း ယခုလို ရှင်းလင်းဖြေကြားခွင့်ရရှိသည့်အတွက် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း တင်ပြပြောကြားလိုပါတယ်။(သြဘာသံများ)

**တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို ပြည့်စုံစွာစုစည်း၍ စာအုပ်စာတမ်းများအဖြစ် ထုတ်ဝေရောင်းချပေးရန် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကျောက်မဲ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးနယ်လ်ဆင်(ခ) ဦးစိုင်းဆောင်ဆီ(ကျောက်မဲ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ) ဦးစိုင်းဆောင်ဆီ ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ၂၀၀၈ ခုနှစ်က ပြဋ္ဌာန်း လိုက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယခုအခါ လွှတ်တော်အသီးသီးတွင် ပြည်သူလူထုကရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် ပြည်သူလူထုအတွက် သင့်တော်မည့် ဥပဒေများကို ပြုစုရန်၊ မလိုအပ် ခေတ်မမီတော့တဲ့ ဥပဒေများကို ပယ်ဖျက်ရန် ကြီးလေးသည့်

တာဝန်များရှိလာပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မြန်မာနိုင်ငံတော်တွင် လက်ရှိအာဏာသက်ရောက်လျက်ရှိသော ဥပဒေများ၊ နည်းဥပဒေများနှင့် ဥပဒေကဲ့သို့ အာဏာတည်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်များ ကိုပြည့်စုံစွာ သိရှိရန်မှာ လွန်စွာမှ အရေးကြီးလှပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလွှတ်တော်ကိုယ်စားလှယ်ကြီးများ လွယ်ကူစွာ လေ့လာဖတ်ရှုနိုင်ရန် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို ပြည့်စုံစွာစုစည်း၍ စာအုပ်၊ စာတမ်းများအဖြစ် ထုတ်ဝေရောင်းချပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၃၅ ။**

**ဦးအေးမောင်(ရှေ့နေချုပ်)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရှေ့နေချုပ်ဦးအေးမောင် ဖြစ်ပါတယ်။ အားလုံးကို ကျန်းမာ၊ ချမ်းသာကြစေကြောင်း ပဏာမနှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ကျောက်မဲမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ)ဦးစိုင်းဆောင်ဆီမှ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား လွယ်ကူစွာ လေ့လာဖတ်ရှုနိုင်ရန် တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို ပြည့်စုံစွာစုစည်း၍ စာအုပ်၊ စာတမ်းအဖြစ် ထုတ်ဝေရောင်းချပေးပါရန် မေးမြန်းလာသောမေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က ထုတ်ပြန်တဲ့ဥပဒေများ၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များ၊နည်းဥပဒေများကို မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းကြေညာလျက်ရှိပါတယ်။ နှစ်အလိုက်ထုတ်ပြန်တဲ့ဥပဒေများ၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များနှင့် နည်းဥပဒေများကိုစုစည်းပြီး ရှေ့နေချုပ်ရုံးက နှစ်စဉ်စာအုပ်အဖြစ် ထုတ်ဝေရောင်းချလျက်ရှိပါတယ်။ ယခင်ကထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်တဲ့ လက်ကျန်မရှိတော့တဲ့ ဥပဒေစာအုပ်အချို့ကိုလည်း ပြန်လည်စိစစ်ကာ ပုံနှိပ်ဖြန့်ချိရန် စီစဉ်လျက်ရှိပါတယ်။ ယခုအခါ ရောင်းချနိုင်တဲ့ ဥပဒေစာအုပ်အချို့ကို ရှေ့နေချုပ်ရုံး အောက်ထပ်ရှိ ဥပဒေစာအုပ်ဆိုင်မှာ လွယ်ကူစွာဝယ်ယူနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေ့နေချုပ်၊ ဒီနေရာမှာပဲ ခေတ္တစောင့်ပေးပါ။ စမ်းချောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈ ။**

**ဦးစိုးဝင်း (စမ်းချောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းရင်း ကျွန်တော်ကတော့ စမ်းချောင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ယနေ့ပြည်သူ့လွှတ်တော်မှာ မေးခွန်းတစ်ခုကို မေးမြန်းလိုပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့စွဲနဲ့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ယခုအခါမှာ အများပြည်သူတို့ အနေနဲ့ ဤဥပဒေကို မည်သည့်နေ့ရက်၊ အချိန်အခါတွင် စတင်၍ ကျင့်သုံးမည်ကို အထူးပင် သိလိုနေကြပါတယ်။ သို့ဖြစ်ပါသောကြောင့် ယနေ့ ဤလွှတ်တော်တွင် တာဝန်ရှိသူများမှ ဖြေကြားပေးပါရန် ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀ ။**

**ဦးအေးမောင်(ရှေ့နေချုပ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ မေးခွန်းဖြစ်တဲ့ မကြာသေးမီကပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခုအခါသက်ဝင်ခြင်းရှိ၊မရှိ သိလိုပါတယ်။ အဆိုပါဥပဒေသက်ဝင်ပါက စစ်မှုထမ်းရန် မည်သို့မည်ပုံ ဆင့်ဆိုသွားမည်ကို သိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားအပ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့စစ်မှုထမ်းခြင်း နှင့်စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပသော တိုင်းပြည်ပြုလွှတ်တော်အစည်း အဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလိပ်အုပ်ချုပ်နေစဉ်အခါတုန်းက မြန်မာပြည်ကို ကာကွယ်ဖို့ တာဝန်သည် အင်္ဂလိပ်၏တာဝန်သာဖြစ်ကြောင်း၊ သို့သော် မိမိတို့လွတ်လပ်ရေးရရှိသည့်အခါတွင် မြန်မာပြည်ကိုကာကွယ်ရမည့် တာဝန်သည် မြန်မာများကသာလျှင် အဓိကဖြစ်ကြောင်း၊ မိမိတို့သည် ယခင်ကကဲ့သို့ အေးအေးဆေးဆေး နေ၍ မဖြစ်နိုင်တော့ကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရက တိုင်းပြည် ကာကွယ်ရန် စစ်သားများနည်းနေလျှင် မြန်မာတိုင်း၊ မြန်မာတိုင်း အရွယ်ရောက်သည့်သူမှန်သမျှ ကျန်းမာသည့် သူမှန်သမျှ စစ်မှုမထမ်းမနေရ ဆိုပြီး ဥပဒေနှင့်အညီ စစ်ထဲကို ထည့်ရလိမ့်မည်ဖြစ်ကြောင်း၊ နှစ်နှစ်တန်သည်ဖြစ်စေ၊ သုံးနှစ်တန်သည် ဖြစ်စေ စစ်ထဲဝင်ရမည်ဖြစ်ကြောင်း၊ စစ်ဖြစ်သည့်အခါမှာလည်း ဝင်တိုက်ရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စများသည် လွတ်လပ်ရေးရသည့်အခါ ထမ်းဆောင်ရမည့် အဓိကတာဝန်များဖြစ်ကြောင်း မိန့်ကြားခဲ့ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ လွတ်လပ်ရေး ရပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်လျက်ရှိပါတယ်။ မိမိတို့နိုင်ငံကို ကာကွယ်ဖို့ မိမိတို့နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် ၁၉၅၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှာ ၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၇ ဖြင့် ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေပုဒ်မ ၁ ၊ ပုဒ်မခွဲ ၂ မှာ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် တော်လှန်ရေး ကောင်စီ၏ ၂၉ ရက် ဇွန်လ ၁၉၆၂ ခုနှစ်၊ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၉၈/၆၂ အရ ယင်းဥပဒေသည် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့မှစ၍ အာဏာတည်ခဲ့ပါတယ်။ အဲဒီ ဥပဒေကို ပြဋ္ဌာန်းပြီးသည့်နောက် ပြည်သူ့စစ်မှုထမ်းအဖြစ် ထမ်းဆောင်လိုသော လျှောက်ထား သူများအနက် ထိုစဉ်ကလိုအပ်တဲ့ ဆရာဝန်အချို့ကိုသာ လက်ခံခဲ့ပါတယ်။

အဲ့ဒီနောက် ၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်း ခဲ့သည့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၇၁ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ၊ (က)စစ်ပညာသင်ကြားရမည်၊ (ခ)နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရမည်ဟု ပြဋ္ဌာန်း ခဲ့ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၀၈ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၅ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေး သည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ် သည်ဟုလည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ကိုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ယခု ပြဋ္ဌာန်းထားသည့် စစ်မှုထမ်းဥပဒေဟာ ၁၉၅၉ခုနှစ်က ပြည်သူ့စစ်မှုထမ်းဥပဒေကို ခေတ်ကာလနှင့် လျော်ညီစွာ ပြုပြင်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁ ၊ ပုဒ်မခွဲ(ခ)တွင် ဤဥပဒေသည် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာ တည်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

ထိုပြဋ္ဌာန်းချက်ပါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆိုသည့် စကားရပ်ကို ၂၀၁၁ခုနှစ် စကားရပ်များ အစားထိုးခြင်း ဥပဒေအရ နိုင်ငံတော်သမ္မတ ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး ဖြစ်သည့်အလျောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အတွက် လိုအပ်သည့် အချိန်မှသာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ယင်း အမိန့်ကြော်ငြာစာပါ သတ်မှတ်သည့် နေ့ရက်၌

ပြည်သူ့စစ်မှုထမ်း ဥပဒေသည် အာဏာ တည်မည်ဖြစ်ပါသည်။ အဆိုပါဥပဒေအာဏာသက်ဝင်ပါက စစ်မှုထမ်းရန် မည်သို့မည်ပုံ ဆင့်ဆိုသွားမည်ကိုသိလိုပါကြောင်း မေးခွန်းနဲ့စပ်လျဥ်းပြီး ဤဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း ဖြေကြားရင်း ကျွန်တော်နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**မြန်မာ့စက်မှုဖွံ့ဖြိုးရေး အက်ဥပဒေပြုစုပြဋ္ဌာန်းရန် အစီအစဥ်ရှိ မရှိနှင့် စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂွ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂**။

**ဦးကြည်သာ(ဂွ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒီနေ့ အစည်းအဝေးသို့ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ပြည့်ဝကြပါစေလို့ ဦးစွာပထမဆုမွန် ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံသစ်ဆီသို့ ချီတက်နေတဲ့ကာလမှာ စက်မှုကဏ္ဍ တိုးတက်စေရန်အတွက် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနဆိုပြီး ၊ ဌာနသစ်ဖွဲ့စည်းပြီး ဆောင်ရွက်မှာမို့ များစွာအားရမိပါတယ်။ စက်မှုဖွံ့ဖြိုးရေးအတွက် ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ပါကပိုမိုပြီး ထိရောက် နိုင်မှာမို့ အစီအစဥ် ရှိ၊ မရှိ သိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ တော်တော်များများမှာ ပြည်တွင်းစက်မှု လုပ်ငန်းရှင်များကို အခွန်ကင်းလွတ်ခွင့်၊လျှော့ပေါ့မှုစတဲ့ အခွင့်အရေးများကို ပေးပြီးတော့ အခွင့်အရေးများကို နည်းဥပဒေဖြင့်ပြဋ္ဌာန်းပြီး ဆောင်ရွက်ပေးခဲ့တာကိုလည်း တွေ့ရပါတယ်။ ပြည်တွင်း စက်မှုလုပ်ငန်းရှင် များဟာထုတ်လုပ်တဲ့ ကုန်ပစ္စည်းများ၊ ဈေးကွက်ယှဥ်ပြိုင်မှုမှာ နိုင်ငံခြား စက်မှုလုပ်ငန်း ရှင်ကြီးများလောက် နည်းပညာ၊ အတွေ့အကြုံ၊ အရင်းအနှီး မရှိတဲ့အတွက်ကြောင့် အချို့ လုပ်ငန်းသည် ဈေးကွက်ယှဥ်ပြိုင်ရာမှာ အခက်အခဲရှိပါတယ်။ ဒီလိုအခါမှာ နိုင်ငံတော်အနေနဲ့ Protectionism Act လို့ခေါ်တဲ့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဥပဒေဖြင့် နိုင်ငံခြားမှ သွင်းကုန်အချို့ ကိုအခွန်အကောက်တိုးမြှင့်ကောက်ခံခြင်းအားဖြင့်လည်းကောင်း၊ ကန့်သတ်မှုဖြင့် တင်သွင်းစေခြင်း အားဖြင့်လည်းကောင်း၊ ပြည်တွင်းထုတ်လုပ်သူများဘက်က အသာစီးရအောင်လုပ်ပြီး ပြည်တွင်းစက်မှု လက်မှုကဏ္ဍပိုမိုတိုးတက်လာစေတဲ့သာဓကကိုလည်း တွေ့ရပါတယ်။ဒါကြောင့်မို့ မြန်မာနိုင်ငံမှာလည်း

ဒီလို ဥပဒေမျိုးပြဋ္ဌာန်းလုပ်ဆောင်ဖို့ အစီအစဉ် ရှိပါသလားလို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း ၄၃ ။**

**ဦးအောင်သောင်း ( ဝန်ကြီး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန)** ။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျန်းမာချမ်းသာ၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သရင်း နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်သည် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဖြစ်ပါတယ်။ မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီရဲ့ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ထို့ကြောင့် ဦးကြည်သာ မေးသော မေးခွန်းများနှင့် ပတ်သက်၍ ကျွန်တော့်မှာ ပြန်လည်ဖြေကြားရန် တာဝန်ရှိ ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာမှ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန အသစ်ဖွဲ့စည်းပြီး ဆောင်ရွက်ရန်ရှိရာ မြန်မာ့စက်မှုဖွံ့ဖြိုးရေးအက်ဥပဒေပြဋ္ဌာန်းရန် အစီအစဉ်ရှိမရှိ မေးမြန်းထားတဲ့မေးခွန်း နှင့်ပတ်သက်၍ ဖြေကြားလိုပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ တာဝန်ယူခဲ့တဲ့ အစိုးရအဖွဲ့ အားလုံးဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်စေရေးအတွက် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း စက်မှု ကဏ္ဍဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဥပဒေများကိုပြဋ္ဌာန်းခဲ့တာရှိပါတယ်။ ၎င်းဥပဒေများကတော့ -

၁။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ

၂။ ဘွိုင်လာဥပဒေ

၃။ လျှပ်စစ်ဥပဒေ

၄။ အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေ (အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းမြှင့်တင်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ)

၅။ မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေ တို့ဖြစ်ပါတယ်။

အထက်ဖော်ပြပါ ဥပဒေများဟာ လက်ရှိလိုက်နာကျင့်သုံးလျက်ရှိသော ဥပဒေများဖြစ်ပြီး နိုင်ငံတော်အတွင်းမှာ စက်မှုလုပ်ငန်းများအားလုံး ဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ အကာအကွယ်

ပေးလျက်ရှိပါတယ်။ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်စေရန် ကြိုးပမ်း လျက်ရှိပါတယ်။ စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်စေရေးမှာလည်း ပြည်သူအများ ပါဝင်နိုင်မှုသည် အဓိကကျပါတယ်။ ထိုသို့စက်မှုကဏ္ဍတွင် ပြည်သူအများ ပါဝင်နိုင်ရေးအတွက်လည်းကောင်း၊ ပြည်သူအများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရေးအတွက်လည်းကောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အတွက်လည်းကောင်း အစီအမံများပြုလုပ်ရန် ရှိပါတယ်။ ထို့ကြောင့် နောင်ပေါ်ပေါက်လာသော အစိုးရအဖွဲ့သစ်များအနေဖြင့် စက်မှုကဏ္ဍကို အားပေးသောအားဖြင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန အသစ်အား ဖွဲ့စည်းထား၍ လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများထုတ်ပြန် ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း ရှင်းလင်းဖြေကြား ရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ပိတ်ဆို့တားဆီးမှုများအပေါ် မည်ကဲ့သို့သဘောထားရှိသည်ကို သိရှိလိုကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀ း ၄၇ ။**

**ဦးရဲထွန်း(ခ)ဦးမင်းထွန်း(သီပေါ မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြလျက် မင်္ဂလာအပေါင်းနှင့် ခညောင်းတဲ့နေ့ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ သီပေါမြို့နယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်းဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

မန္တလေးမှ တရုတ်ပြည်နယ်စပ် မူဆယ်မြို့သို့ သွားသောလမ်းမကြီးတွင် စစ်ဆေးရေးဂိတ်ကြီး ၃ ခု ရှိသည့်အနက် မန္တလေးနှင့် ပြင်ဦးလွင်အကြားရှိ ၁၆ မိုင်ယာဥ် စစ်ဆေးရေးဂိတ်သည် တရုတ်ပြည်နယ်စပ်သို့ တင်ပို့မည့် ကုန်စည်တင်ကားများကို သာမက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ သာသွားရောက်မည့် ကုန်စည်တင်ကားများကိုလည်း ဆန်၊ ပဲ၊ ဂျုံ၊ ဆီ စသည့် ကုန်စည်များကို သယ်ဆောင်မသွားနိုင်စေရန် တားဆီးပိတ်ဆို့မှုများရှိခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းမှာရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်နေထိုင်သော ပြည်သူများက ထိုဂိတ်မှပင် မှောင်ခို ဖြတ်သန်းလာသော ပြည်တွင်းထွက်စားသောက်ကုန်များကို ဈေးကြီးစွာ ပေးဝယ်စားရခြင်းသာ အဖတ်တင်ပါသည်။

ထို့ပြင် မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီ စသည့် တိုင်းဒေသကြီးများမှ စိုက်ပျိုး ထုတ်လုပ်သူများမှာ မိမိတို့ထုတ်လုပ်သည့်ပစ္စည်းများ တင်ပို့ရောင်းချရာ ဈေးကွက်တစ်ခုကို ပိတ်ဆို့ထားသလို ဖြစ်သွားသဖြင့် ဈေးကောင်းမရနိုင်တော့ပါ။ထိုနည်းတူစွာပင် လားရှိုးနှင့်သီပေါကြားတွင်ရှိ Tollgateမှ

နေ၍ ကြက်ပေါက်များ၊ အသားစားကြက်နှင့်ဥကုန်ကြက်မများ ဖြတ်သန်းသွားလာ ခွင့်ကို ပိတ်ပင်တားဆီးခဲ့သည်မှာကြာပါပြီ။ ထိုလုပ်ရပ်ကြောင့် လားရှိုးမြို့ရှိ စားသုံးသူများ ကြက်သားကို ဈေးကြီးပေးဝယ်စားရသဖြင့် လားရှိုးဒေသတွင် ကြက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာသည် မှန်သော်လည်း ကြက်ပေါက်နှင့် ကြက်သားလုံလောက်အောင် မဖြည့်ဆည်းပေးနိုင်သဖြင့် မူဆယ်၊ နမ့်ခမ်းနှင့် တရုတ်နယ်စပ်ရှိ ကျွန်တော်တို့ မွေးမြူရေးသမားများ ရရှိထားသော ကြက်သားဈေးကွက်မှာ ဆုံးရှုံးသွားခဲ့သည် ဖြစ်ပါသည်။ ဤသည်တို့မှာ နိုင်ငံတော်က ကျင့်သုံးနေသော ဈေးကွက်စီးပွားရေး စနစ်နှင့်ကောင်းစွာ ဆန့်ကျင်နေပါသည်။ ထိုသို့သော တားဆီးပိတ်ဆို့မှုများသည် ရေတိုအတွက် ပြည်တွင်းစားသုံးကုန်များ ဈေးမတက်စေရန် အသုံးဝင်သော်လည်း ရေရှည်တွင်မူ နိုင်ငံ၏စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးကို ထိခိုက်စေပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် နောင်တက်လာမယ့် အစိုးရသစ်က ထိုသို့သော ပိတ်ဆို့တားဆီးမှုများအပေါ် မည်သို့သဘောထားရှိသည်ကို သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၅၀ ။**

**ဦးတင်နိုင်သိန်း(ဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်း မေးမြန်းထားတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးတင်နိုင်သိန်းမှ ဖြေကြားမှာ ဖြစ်ပါတယ်။ ဦးရဲထွန်းရဲ့ မေးခွန်းပထမအချက်မှာ မန္တလေးနဲ့ပြင်ဦးလွင် အကြားမှာရှိတဲ့ ၁၆မိုင် စစ်ဆေးရေးစခန်းဟာ တရုတ်နိုင်ငံကိုတင်ပို့တဲ့ ကုန်ပစ္စည်းတင်ယာဉ်များသာမက ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ တင်ပို့တဲ့ ကုန်တင်ယာဉ်များတွင်လည်း ဆန်၊ ပဲ၊ ဂျုံ၊ ဆီအစရှိသည်များ သယ်ဆောင်မှု မပြုလုပ်နိုင်စေရန် တားဆီးပိတ်ဆို့မှုများရှိခဲ့ကြောင်း မေးမြန်းဖော်ပြထားပါတယ်။ အဆိုပါ ၁၆ မိုင် စစ်ဆေးရေးစခန်းဟာ ကုန်စည်များကို တားဆီးရန် ရည်ရွယ်ပြီးဖွင့်လှစ်ထားတဲ့ စခန်းမဟုတ်ဘဲ လုံခြုံမှုအရ ပြည်သူများကို ထိခိုက်အန္တရာယ်ဖြစ်စေနိုင်တဲ့ လက်နက်ခဲယမ်း၊ ဖောက်ခွဲ ပစ္စည်းများ၊ မူးယစ်ဆေးဝါးများကိုသာ အဓိကစစ်ဆေးရန် ရည်ရွယ်ဖွင့်လှစ်ထားတဲ့ စခန်းဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ မကြာခဏဖြစ်ပွားနေမှုကြောင့် နိုင်ငံတိုင်းမှာ လုံခြုံမှုကိုပိုမိုဦးစားပေးပြီး စစ်ဆေးကြပ်မတ်နေရတဲ့ အချိန်အခါဖြစ်သလို ကျွန်တော်တို့ နိုင်ငံမှာလည်း

ဖောက်ခွဲဖျက်ဆီးရေးသတင်းများ၊ မူးယစ်ဆေးဝါးသတင်းများ မကြာခဏ ရရှိတဲ့အတွက် ယခုလို ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒါကလည်း ပြည်သူလူထုရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံမှုအတွက် ဆောင်ရွက်နေရခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဦးရဲထွန်းရဲ့မေးခွန်း ဒုတိယအချက်မှာ ဆန်၊ ပဲ၊ ဂျုံ၊ ဆီ စတဲ့ ကုန်စည်များကို ၁၆ မိုင်ဂိတ် ကတားဆီးပိတ်ဆို့ ဆောင်ရွက်မှုကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်နေထိုင်ကြသော ပြည်သူများက ထိုဂိတ်မှပင် မှောင်ခိုဖြတ်သန်းလာသော ပြည်တွင်းထွက် စားသောက်ကုန်များကို စျေးကြီးစွာ ပေးဝယ်စားနေရကြောင်း မေးမြန်းဖော်ပြထားပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ဖြေကြားရရင် မူလက လုံခြုံမှုအတွက် ဦးစားပေးစစ်ဆေးခဲ့တဲ့ ၁၆ မိုင်ဂိတ်ဟာ နောက်ပိုင်းမှာ တရားမဝင် မှောင်ခိုကုန် ပစ္စည်းများ သယ်ဆောင်မှုများ တစ်စထက်တစ်စ များပြားလာတဲ့အတွက်ကြောင့် ကန့်သတ် ကုန်စည်များပါ မပါ စစ်ဆေးရှာဖွေ ကြပ်မတ်မှုများကို ပြုလုပ်ခဲ့ရပါတယ်။ ၁၆ မိုင် ဂိတ်တစ်ခု တည်းအနေနဲ့ပဲ ကြည့်ရင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ အထွေထွေပစ္စည်း ကျပ် ၉၃.၉ သန်း မူးယစ်ဆေးဝါး ၆၉၈.၄ သန်း၊ ကျောက်မျက် ကျပ် ၂.၄ သန်း ဖမ်းဆီးရမိခဲ့ပြီး၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ အထွေထွေပစ္စည်းကျပ် ၅၇.၇၉ သန်း၊ မူးယစ်ဆေးဝါး ကျပ် ၇၀ သန်း၊ ကျောက်မျက် ကျပ် ၁.၈ သန်း ဖမ်းဆီးရမိခဲ့ပါတယ်။ အလားတူပဲ မန္တလေး၊ လားရှိုး၊ မူဆယ်လမ်းကြောင်း တစ်လျှောက်မှာ ရှိတဲ့ ဂိတ်အသီးသီးမှာ တရားမဝင် မှောင်ခိုပစ္စည်း ဖမ်းဆီးရမိမှုများ အနေနဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ အထွေထွေပစ္စည်း ကျပ် ၂၃၂၈.၉၆ သန်း၊ မူးယစ်ဆေးဝါးကျပ် ၉၄၀.၄၃ သန်း၊ ကျောက်မျက် ကျပ် ၄၅၂.၁ သန်းနဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ အထွေထွေပစ္စည်း ကျပ် ၄၄၈၂.၄၉ သန်း ၊ မူးယစ်ဆေးဝါး ကျပ် ၂၁၃.၀၂ သန်း၊ ကျောက်မျက် ကျပ် ၃၀၈၆.၄၄ သန်းရှိခဲ့ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များတွင် နေထိုင်ကြသော ပြည်သူများအတွက် ပြည်တွင်း ထွက်စားသောက်ကုန်စည်များကို လွတ်လပ်စွာ သယ်ဆောင်ခွင့်ပြုထားသော်လည်း ပြည်ပသို့ တရားမဝင်စီးထွက်နိုင်ဖွယ်ရှိသော ဆန်၊ ပဲ၊ ဂျုံ စတဲ့ သီးနှံများကိုတော့ အထက်ဌာနသို့ ကြိုတင် ခွင့်ပြုချက် တင်ပြရယူထားတဲ့ ကုန်စည်များ ဟုတ် မဟုတ် စစ်ဆေးပြီးမှသာ ဖြတ်သန်းခွင့်ပြုကြောင်း ၊ လက်ရှိအခြေအနေမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသခံပြည်သူများ စားသုံးရန်အတွက် ဆန်ကုန် သည်များက တစ်လလျှင် ဆန်ပျမ်းမျှ အိတ် နှစ်သောင်းကျော်ခန့်နဲ့ ၂၀၁၀ ပြည့်နှစ်တစ်နှစ်လုံးအတွက် ဆန်အိတ်ပေါင်း ၂၈၀၉၆၀ ကို ဆန်ပိုလျှံထွက်ရှိတဲ့ တိုင်းဒေသကြီးများ မှ သယ်ဆောင် ရောင်းချ ဖြန့်ဖြူးပေးလျက်ရှိကြောင်းသိရှိရပါတယ်။

ရှေးကတည်းက လောက်ကိုင်ဒေသနဲ့အချို့ ဆန်လိုအပ်တဲ့ တောင်ပေါ်ဒေသများအတွက် အထက်ဌာနများသို့ တင်ပြပြီး ဆန်သယ်ဆောင် ဖြန့်ဖြူးမှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ဒီလိုတင်ပြ စေခြင်းဟာလည်း ဒေသခံပြည်သူများစားသုံးရန် အကြောင်းပြသယ်ဆောင်ပြီး တရားမဝင်ပြည်ပ

စီးထွက်မှုမရှိစေရန်အတွက် ဒေသစိုက်ပျိုးထွက်ရှိမှု ၊ လူဦးရေနဲ့ စားသုံးမှုပမာဏ၊ တင်ပြသယ်ဆောင်ဖြန့်ဖြူးရောင်းချတဲ့ ပမာဏများဟာ ဆီလျော်မှုရှိ မရှိ သိရှိနိုင်ရန်သာဖြစ်ပြီး၊ တင်ပြ ပမာဏများအပေါ်မှာ ပြည်သူများရောင်းဝယ်ဖောက်ကား စားသုံးရန် လိုသလောက် ကန့်သတ်ပိတ်ပင်တားဆီးမှုတစ်စုံတစ်ရာ မပြုလုပ်ဘဲ ဆန်ကုန်သည်များက ဝယ်ယူရောင်းချဖြန့်ဖြူးနိုင်ကြကြောင်း သိရှိရပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များအတွက် အခက်အခဲ ရှိမယ်ဆိုလျှင် တင်ပြဆောင်ရွက်သွားနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ထို့ပြင် ဦးရဲထွန်းရဲ့မေးခွန်း တတိယအချက်မှာ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီ စတဲ့တိုင်းဒေသကြီးများမှ စိုက်ပျိုးထုတ်လုပ်သူများက မိမိတို့ စိုက်ပျိုးထုတ်လုပ်တဲ့ ကုန်ပစ္စည်းများတင်ပို့ရောင်းချရာမှာ ဈေးကွက်ပိတ်ဆို့သွားသလို ဖြစ်သွား၍ ဈေးကောင်းမရနိုင်တော့ကြောင်း ဖော်ပြချက်နဲ့ပတ်သက်ပြီး၊ ကျွန်တော်တို့ဌာနအနေနဲ့ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးနဲ့ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် အပတ်စဉ် ကုန်သည်အသင်းအဖွဲ့များနဲ့ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ပြီး အခက်အခဲအတားအဆီး ဖြစ်ပေါ်လာတိုင်း၊ သက်ဆိုင်ရာ ကုန်သည်အသင်းအဖွဲ့များ၊ ကုမ္ပဏီများနဲ့ မေးမြန်းပြီးတဲ့နောက်မှာ သက်ဆိုင်ရာ ဒေသအာဏာပိုင်ထံ ဆက်စပ်တင်ပြညှိနှိုင်းလျက် ပြည်ပဈေးကွက်ရရှိရေးပိတ်ဆို့မှု အဟန့်အတားမရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနဲ့ ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးပမာဏဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိပါကြောင်းပြောကြားလိုပါတယ်။ ကုန်သွယ်မှုလျင်မြန် ချောမွေ့ခြင်းဟာ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အဓိကလိုအပ်ချက် ဖြစ်တာနဲ့အညီ ယခုလို ၁၆ မိုင်ဂိတ်ကဲ့သို့ စစ်ဆေးရေးဂိတ်များမှာ အချိန်ကြာမြင့်စွာစစ်ဆေး ရှာဖွေခံရခြင်းဟာ မလိုလားအပ်တဲ့ နှောင့်နှေးကြန့်ကြာမှု ဖြစ်စေတာကြောင့် မန္တလေးနဲ့မူဆယ်တို့မှာ ကွန်တိန်နာထရပ်၊ ဗောက်ထရပ်ယာဉ်များအသုံးပြုပြီး စတင်ပစ္စည်း သယ်ဆောင်စေလွှတ်တဲ့ နေရာမှာ အကောက်ခွန်ဌာနက စစ်ဆေးပြီး ချိပ်ပိတ်စေလွှတ်တဲ့ စနစ်ကို စတင်ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါတယ်။ ဒီစနစ်ဟာ လက်နက်၊ ခဲယမ်း၊ မူးယစ်ဆေးဝါး ကွယ်ဝှက်သယ်ဆောင်မှုများနဲ့ တရားမဝင်ပစ္စည်းများ၊ ကုန်စည်များ ရောနှောသယ်ဆောင်မှုများကို အထိုက်အလျောက် ကာကွယ်တားဆီးနိုင်မယ့်အပြင် ဂိတ်အသီးသီးမှာ အချိန်ကြာမြင့်စွာ စစ်ဆေးခံရခြင်းမရှိဘဲ ချိပ်ပိတ်မှုကို ကြည့်ရှုစစ်ဆေး ဦးစားပေးစစ်ဆေးစေလွှတ်မှုများကြောင့် ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့ပြီး ပြည်ပဈေးကွက်ကို ရောက်ရှိစေနိုင်မှာဖြစ်ပါတယ်။

ဦးရဲထွန်းရဲ့ မေးခွန်းစတုတ္ထအချက်မှာ လားရှိုး၊ သီပေါကြားမှာရှိတဲ့ ဂိတ်က ပြည်နယ်အတွင်းသို့ကြက်သားပေါက်များ၊ ကြက်များတင်သွင်းခြင်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဌာနများကို ကျွန်တော်တို့အနေနဲ့ ဆက်သွယ်မေးမြန်းကြည့်တဲ့အခါမှာ ပြည်နယ်အတွင်းကို ပြည်တွင်း သို့မဟုတ် ပြည်ပကနေပြီး

ကြက်သားပေါက်များ တင်သွင်းသယ်ဆောင်မယ်ဆိုလျှင် မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနမှ ခွင့်ပြုချက် ပုံစံပါလို့ရှိရင် ခွင့်ပြုလျက်ရှိပါကြောင်းနဲ့ ယခင်က ယာယီ တားဆီးပိတ်ပင်ခဲ့ခြင်းမှာလည်း လုပ်ငန်းလိုအပ်ချက်အရ ဒေသအာဏာပိုင်ရဲ့အစီအစဉ်နဲ့သာ ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရတဲ့အတွက်ကြောင့် ဒေသအာဏာပိုင်ထံသို့ တင်ပြဆောင်ရွက်သွားလျှင် အဆင်ပြေချောမွေ့နိုင်ပါကြောင်း၊ သက်ဆိုင်ရာဌာနနဲ့ ဒေသအာဏာပိုင်ကိုယ်စား ဖြေကြားအပ်ပါတယ်။

ဦးရဲထွန်းရဲ့ နောက်ဆုံးမေးမြန်းချက်ဖြစ်တဲ့ နောင်တက်လာမယ့်အစိုးရသစ်က ထိုသို့ ပိတ်ဆို့တားဆီးမှုများအပေါ် မည်သို့သဘော ထားရှိသည်ကို သိရှိလိုပါကြောင်း ကိစ္စနှင့်စပ်လျဥ်းပြီး လက်ရှိအစိုးရရော၊ နောင်တက်လာမယ့် အစိုးရကပါ ပြည်တွင်း၌ ကုန်စည်စီးဆင်းမှု လျင်မြန်ရေး၊ ကုန်ဈေးနှုန်းမကြီးမြင့်ရေး၊ ပြည်ပပို့ကုန် တိုးမြှင့်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေကြမည်သာဖြစ်ပါကြောင်းနှင့် ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး၊ အခွန်အခ မပေးဆောင်ဘဲ တရားမဝင်ကုန်စည် ကူးသန်းရောင်းဝယ်သူများကြောင့် အခွန်အခပေးဆောင်ပြီး တရားဝင်ကုန်စည် ကူးသန်းရောင်းဝယ်သူများဟာဈေးကွက်မှာယှဉ်ပြိုင်နိုင်စွမ်း ထိခိုက်နေခြင်း အပေါ်မှာ တရားမဝင်ကုန်စည်ကူးသန်းရောင်းဝယ်မှုများကာကွယ်တားဆီးရေးအတွက် မမှန်မကန် ပြုလုပ်မှုများဖြစ်နေတဲ့ အတွက်ကြောင့် ယခုလို ဂိတ်များနဲ့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ထိုသို့ ဆောင်ရွက်နေမှုများကြောင့် ဖြစ်ပေါ်လာသော အတားအဆီးအခက်အခဲများ လျော့နည်းပပျောက်အောင်၊ လက်နက်ခဲယမ်း ဖောက်ခွဲဖျက်ဆီးရေးပစ္စည်း၊ မူးယစ်ဆေးဝါးနဲ့ တရားမဝင်မှောင်ခိုကူးသန်း ရောင်းဝယ်မှုများကို ပြည်သူအားလုံး ဝိုင်းဝန်းကာကွယ်တားဆီး ကြိုးပမ်းသွားကြရန် လိုအပ်မှာဖြစ်ပါတယ်။ နောင်ဖြစ်ပေါ်လာမယ့် တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများကလည်း လုံခြုံမှုနဲ့ ကုန်စည်စီးဆင်းမှုကို ဟန်ချက်ညီအောင်၊ ပြည်သူလူထု အဆင်ပြေချောမွေ့အောင် ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။ ဒါ့ကြောင့် လွှတ်တော်အစည်းအဝေးကို မိနစ် (၃၀)ခန့်ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင် ပါတော့မယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးထွန်းဆာ(ခ) ဦးစိုင်းထွန်းဝင်း၊ တန့်ယန်းမဲဆန္ဒနယ်၏ '' စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေ ပေါ်ပေါက်လာရန် လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေးအသင်း အဖွဲ့များ၊ ဖောင်ဒေးရှင်းများထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန်'' အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုများဆွေးနွေးခြင်း စတင်ဆောင်ရွက်ပါမယ်။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်းတင်သွင်းခဲ့တဲ့ **'' စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေ ပေါ်ပေါက်လာရန် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန်''** အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အမည်စာရင်း တင်သွင်း ထားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(ခ)ဦးမင်းထွန်း(သီပေါမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြလျက် မင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့ နေ့တစ်နေ့ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော် ယခု ဆွေးနွေးမယ့် အကြောင်းအရာကတော့ တန့်ယန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း တင်သွင်းထားတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေ ပေါ်ပေါက်လာရန် လိုအပ်သည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေး အသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ ထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တခု ထူထောင်

ပေးပါရန် ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ သစ်လွင်တဲ့ ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်အဖြစ် သမိုင်းမှာ ပေါ်ထွန်းလာခဲ့ပြီးဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်ရဲ့ ဂုဏ်အင်္ဂါနဲ့အညီ လွတ်လပ်တဲ့ နိုင်ငံရေးပါတီများ ၊ ရွေးကောက်ပွဲများ၊ ဥပဒေပြုလွှတ်တော်များ၊ တရားလွှတ်တော်များနဲ့ လွှတ်တော်မှ ရွေးချယ်တင်မြှောက်လိုက်တဲ့ အုပ်ချုပ်ရေးအဖွဲ့များလည်း ပေါ်ထွက်စပြုလာနေပါပြီ။ ဒီအရာ အားလုံးရဲ့ ရေသောက်မြစ်ဖြစ်တဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသား များ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင်ပါရှိပြီး ပုဒ်မ ၃၅၄ မှာဆိုထားတဲ့ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး ၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေး များကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်လို့ ဖွင့်ဆိုထားချက်အရ အပိုဒ်(ဂ)မှာ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ကို ခွင့်ပြုထားပါတယ်။ လက်တွေ့မှာလည်းပဲ ကျွန်တော်တို့ ဒေသတွေမှာ ကုန်သည်ကြီးများအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ နာရေး ကူညီမှုအသင်း၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်း စသည်စသည်ဖြင့် ဖွဲ့စည်းလှုပ်ရှား ဆောင်ရွက် နေကြတာရှိပေမယ့် တရားဝင်မှတ်ပုံတင်ခြင်းမှာ ရှင်းလင်းလွယ်ကူမှု မရှိတာကြောင့် တချို့သော အဖွဲ့အစည်းများဟာ မှတ်ပုံတင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေကြရတာကို တွေ့ရပါ တယ်။ ဒါကြောင့် ဒီအဖွဲ့တချို့ဟာ တရားမဝင်အသင်းအဖွဲ့တွေလို ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလို အသင်းအဖွဲ့တွေ၊ တောင်သူလယ်သမား၊ အလုပ်သမား သမဂ္ဂတွေဟာ ဒီမိုကရေစီလူ့ဘောင် တစ်ရပ်မှာ မရှိမဖြစ် ရှိရမယ့်အဖွဲ့စည်းတွေ ဖြစ်ကြပြီး၊ ဒီအခုအဖွဲ့အစည်းတွေမှာ ပါဝင်လှုပ်ရှား ဆောင်ရွက်ကြရင်းနဲ့မှသာ ပြည်သူတွေဟာ ဒီမိုကရေစီ ကျင့်စဉ်တွေ၊ အများနဲ့စုပေါင်း လုပ်ဆောင်တတ်မှုတွေ၊ စည်းကမ်းဥပဒေကို ရိုသေလိုက်နာမှုတွေနဲ့ ဒီမိုကရေစီရပိုင်ခွင့်တွေကို ကျင့်သုံးလာတတ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအဖွဲ့အစည်းတွေ တရားဝင်ဆောင်ရွက်ခွင့်ပြုတဲ့ မှတ်ပုံတင်ခြင်းစနစ် ကိုလည်း ရှင်းလင်းလွယ်ကူတဲ့စနစ်အဖြစ် ထူထောင်ပေးပါရန် တနင်္သာရီ... 

မှတ်ပုံတင်ခြင်းစနစ် ကိုလည်း ရှင်းလင်းလွယ်ကူတဲ့စနစ်အဖြစ် ထူထောင်ပေးပါရန် တနင်္သယန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဆာ(ခ) ဦးစိုင်းထွန်းဝင်းက တင်ပြတဲ့အဆိုကို ထောက်ခံ ကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။ (သြဘာသံများ)

## ဦးထွန်းဆာ(ခ) ဦးစိုင်းထွန်းဝင်း၊ တန့်ယန်းမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**ဥက္ကဋ္ဌ ။** ။ဒီအဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ ကိုယ်စားလှယ်တစ်ဦးသာ တင်သွင်းထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်တာဝန်ရှိတဲ့ သူကို ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်ဦး (ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒီနေ့အစည်းအဝေးကို တက်ရောက်လာကြသော အားလုံးသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး များနှင့် အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်ကြီးများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ပါးပြည့်စုံပြီးတော့ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း အမြဲပြည့်စုံကြတဲ့ သူတွေဖြစ်ကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သရင်းဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်ကုန်းမြို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးမောင်ဦးဖြစ်ပါတယ်။လက်ရှိပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး တာဝန်ထမ်းဆောင်နေတဲ့ အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ဖြေရှင်းပေးရန် တာဝန်ရှိလာတဲ့အတွက် တာဝန်ယူ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ တန့်ယန်းမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း အဆိုပြုခဲ့တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေပေါ်ပေါက် လာစေရန် လိုအပ်တဲ့ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေး အသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ ထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင် ပေးပါရန် အဆိုပြုလာခဲ့ခြင်းဖြစ်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်လို့လည်း ကျွန်တော့်ရှေ့မှာပဲ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသွားပြီး အဆိုပြုသွားပြီးဖြစ်ပါတယ်။ အသင်းအဖွဲ့များနဲ့ ပတ်သက်လာရင် ဒီအဆိုပြုချက်ကို ဥပဒေအရ ကျွန်တော် ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ အသင်း အဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ၁၉၈၈ ခုနှစ် ၊ စက်တင်ဘာလ ၃၀ ရက်ကတည်းက နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ် ၆/၈၈ နဲ့ ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေနဲ့အညီ ယနေ့အထိ ဒီအတည်ပြုဆဲဖြစ်တဲ့ ဥပဒေအတိုင်းပဲ ကျွန်တော်တို့ လိုက်နာကျင့်သုံး အကောင်အထည် ဖော်လျက် ရှိပါတယ်။ ဒီအသင်းဥပဒေနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် အခန်း ၅ ခန်းပါတယ်လို့ပဲ မှတ်သားထားကြဖို့လိုအပ်ပါတယ်။ ဥပဒေရဲ့အခန်း ၂ မှာ ဖွဲ့စည်းခွင့် လျှောက်ထားမှု မလိုအပ်တဲ့ အသင်းများကိုလည်း အသေးစိတ်ဖော်ပြထားတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ အခန်း ၂ မှာ

ဆိုရင် ဖွဲ့စည်းခွင့် ရဖို့လျှောက်ထားခြင်းနှင့် ပတ်သက်ပြီးတော့ ဖွဲ့စည်းလိုတဲ့ အသင်းအဖွဲ့တစ်ဖွဲ့ဟာ ဖွဲ့ခွင့်ရဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ သတ်မှတ်တဲ့ ပုံစံနဲ့စတင်လျှောက်ထားရမှာ ဖြစ်ပါတယ်။ ဖွဲ့ပြီးတဲ့ အသင်းဟာ ဖွဲ့ပြီးချင်း ဥပဒေပြဋ္ဌာန်းတဲ့ ရက်ကနေ ရက် ၃၀ အတွင်းမှာ လျှောက်ထား ရမယ်ဆိုတာ နဂိုတည်းကပါထားပြီးဖြစ်ပါတယ်။ အလွယ်ဆုံးကတော့ သက်ဆိုင်ရာ မြို့နယ်မှာရှိတဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးရုံးကို လျှောက်ထားရမှာ ဖြစ်ပါတယ်။ အဲဒီလို မြို့နယ်အဆင့်က လျှောက်ထားချက်နှင့်ပတ်သက်ပြီးတော့ မှန်ကန်ခြင်းရှိ မရှိကို သတ်မှတ်ပုံစံနဲ့ စိစစ်ပြီးတော့မှ ခရိုင်အုပ်ချုပ်ရေးမှူးကို တင်ပြရမှာဖြစ်ပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူး ကလည်း လိုအပ်တဲ့ စိစစ်မှုကို ပြုလုပ်ပြီးတော့မှ သူ့ရဲ့သဘောထားနှင့်အတူ တိုင်းနဲ့ ပြည်နယ်အဆင့်မှာရှိတဲ့ အထွေထွေ အုပ်ချုပ်ရေးမှူးထံတင်ပြမှာ ဖြစ်ပါတယ်။

အဲဒီမှာ ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ် အဆင့်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက နေပြီးတော့မှ ရုံးချုပ်ကို တင်မှာ ဖြစ်ပါတယ်။ အဆင့်အားဖြင့် မြို့နယ်၊ ခရိုင်၊ တိုင်း၊ ရုံးချုပ် အဆင့် ၄ ဆင့်ဟာ ဥပဒေအရ သတ်မှတ်ထားတဲ့အဆင့် ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒီမှာ ဗဟိုအဖွဲ့ဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို ရောက်လာတဲ့အခါမှာလည်း အစိုးရအဖွဲ့ ကက်ဘိနက် အဖွဲ့တင်ပြ ပြီးတော့မှ ခွင့်ပြုချက်ကို ရယူမှာ ဖြစ်ပါတယ်။

အဲဒီလို စတင်ဖွဲ့စည်းရုံမကဘဲနဲ့အသင်းဖွဲ့ပြီးတဲ့အခါမှာ နှစ် နှစ် တစ်ကြိမ် အသင်းသက်တမ်း တိုးတဲ့ကိစ္စ၊ အမည်စာရင်းပြောင်းလဲတဲ့ကိစ္စတို့၊ အမှုအခင်းပြဿနာဖြစ်တဲ့ ကိစ္စအားလုံးကိုလည်း ကျွန်တော်တို့ အစိုးရ အဖွဲ့ရဲ့ အတည်ပြုချက်အရပဲ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းခွင့် လက်မှတ်ထုတ်ပေးရာမှာတော့ ယခင်တည်ရှိခဲ့တဲ့ ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာန အမိန့် ကြော်ငြာစာ အမှတ်၊ ၁/၈၈ အပိုဒ်(ဃ)ရဲ့ပုံစံနဲ့ (၂)နှစ်သတ်မှတ်ပြီးတော့မှ ဖွဲ့စည်းခွင့် လက်မှတ်ကို နိုင်ငံတော်သို့ ကျပ်ငွေ ၁၀ဝိ/- မှတ်ပုံတင်ကြေးပေးပြီးတော့မှ ထုတ်ပေးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခြေအနေ အချိန်အခါ လိုက်လျောညီထွေဖြစ်စေဘို့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့(၁၅-၇-၂၀၁၀) ရက်စွဲနဲ့ ထုတ်ပြန်တဲ့ အမိန့်အမှတ် ၁/၂၀၁၀ အရ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနဲ့ ကြီးကြပ်ရေး ဗဟိုအဖွဲ့ကို ပြင်ဆင်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ ၎င်းအမိန့် အပိုဒ် ၂ (ဃ)မှာ ဖွဲ့စည်းခွင့် သက်တမ်းကို ၂ နှစ် သတ်မှတ်ပေးဖို့နဲ့ ဖွဲ့စည်းခွင့်လက်မှတ်အတွက် ကျပ်ငွေ တစ်သိန်းကို ပေးသွင်းစေပြီးတော့ အသစ်အဟောင်း လဲလှယ်ခြင်းကို တစ်သိန်းပေးသွင်းရမှာဖြစ်ကြောင်း တရားဝင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီး ဌာန အနေနဲ့ လူမှုရေးသက်သက် ဆောင်ရွက်တဲ့ အသင်းများကိုသာ ဖွဲ့စည်းခွင့်ပြုပေးမှာ ဖြစ်ပြီးတော့ လက်ရှိ လူမှုရေးအသင်းအဖွဲ့ စုစုပေါင်း ၂၁၈ ခုကို ဖွဲ့စည်းခွင့်

ပြုပြီးလုပ်ငန်းများ လုပ်ဆောင်လျက် ရှိတာ တွေ့ရပါတယ်။လက်ငင်း ပစ္စုပ္ပန် အချိန်ကာလမှာတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပုံစံအသစ် တွေနဲ့ အသင်းအဖွဲ့တွေ ပြောင်းလဲဖြစ်ပေါ်လာတဲ့ အခြေအနေအရပ်ရပ်တွေကြောင့် စီးပွားရေးအသင်းအဖွဲ့ဆိုရင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဘာသာရေးအသင်းအဖွဲ့တွေ ကို သာသနာရေးဝန်ကြီးဌာန၊ ဂီတ၊ ရုပ်ရှင်နဲ့ စာပေ စာနယ်ဇင်းဆိုင်ရာ အသင်းအဖွဲ့တွေကို ပြန်ကြားရေးဝန်ကြီးဌာန၊ အနုပညာနဲ့ယဉ်ကျေးမှုဆိုင်ရာ အသင်းအဖွဲ့တွေကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးနဲ့ သက်ဆိုင်ရာ အသင်းအဖွဲ့တွေကို ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနဲ့ဆိုင်တဲ့ အသင်းအဖွဲ့အားလုံးကို ကျန်းမာရေးဝန်ကြီးဌာန၊ ဖောင်ဒေးရှင်းများ INGO များကို အမျိုးသားစီမံကိန်းနဲ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနတို့က ကိုယ့်ဘာသာရပ် အလိုက် အသီးသီးတာဝန်ခံယူပြီးတော့မှ ဖွဲ့စည်း တည်ထောင်ခွင့် ခွင့်ပြုမိန့်များကို ထုတ်ပေးလျက် ရှိပါတယ်။ ၎င်းခွင့်ပြုချက်များနှင့်အညီလက်ရှိ လှုပ်ရှားနေရတဲ့ကဏ္ဍ အသီးသီးက အသင်းအဖွဲ့ အားလုံးဟာ ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီး တည်ဆဲဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များကိုသာ လိုက်နာပြီး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး ပြဋ္ဌာန်းချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ ဒေသ၊ အယူ ဝါဒစွဲ မပါတဲ့ အသင်းအဖွဲ့များကို ခွင့်ပြုပေးလျက် ရှိပါကြောင်း ဖြေကြားရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီအဆိုကို စတင် တင်ပြတဲ့ ဦးထွန်းဆာ၊ တနိ့ယန်းမဲဆန္ဒနယ် အနေနဲ့ ပြည်ထောင်စု အဖွဲ့ဝင်တစ်ဦး ဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ရှင်းလင်းပြောကြားသွားတာကို အားလုံး လက်ခံသဘောပေါက်မယ်လို့ ယူဆပါတယ်။ အဓိပ္ပာယ်ကတော့ တင်ပြထားတဲ့ တင်ပြချက် များ ဖြစ်သော၊ အဆိုများဖြစ်သော၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေ ပေါ်ပေါက်ရန်လိုအပ်တဲ့ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုနှင့် ပညာရေး အသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းထူထောင်ရန် ရှင်းလင်းလွယ်ကူသော စနစ်တစ်ခု ထူထောင်ပေးပါရန် အဆို တစ်ခု ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်ဖြစ်တဲ့ ပုဂ္ဂိုလ် ဖြေကြား သွားတဲ့အခါမှာလည်း အသင်းအဖွဲ့အသီးသီးကို မည်သို့မည်ပုံ မှတ်ပုံတင် ထူထောင်ရမယ် ဆိုတာကို ဥပဒေများ၊ နည်းဥပဒေများ အားလုံး ပြဋ္ဌာန်းပေးထားပြီး ဖြစ်တဲ့ အတွက် ဒီအဆိုဟာ သီးခြား ထပ်မံတင်ပြစရာ မလိုဘူးဆိုတဲ့ သဘော သက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ စတင် အဆိုတင်သွင်းတဲ့ ဦးထွန်းဆာ ရဲ့ သဘောကိုသိချင်ပါတယ်။

**ဦးထွန်းဆာ(တနိ့ယန်း မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဥက္ကဋ္ဌကြီးရှင်းလင်းတဲ့အတိုင်း လက်ခံပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ လွှတ်တော်အနေနဲ့ ဦးထွန်းဆာ တင်သွင်းတဲ့အဆိုဟာ တည်ဆဲဥပဒေမှာ၊ နည်းဥပဒေမှာ သက်ဆိုင်ရာ ဌာနအလိုက်ရှိပြီး ဖြစ်တဲ့အတွက် ထပ်မံတင်သွင်းရန် မလိုတော့ဘူးဆိုတဲ့ သဘောသက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့အခု ဦးထွန်းဆာရဲ့ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် အဆိုကို ဆက်လက်တင်ပြရန် မလိုကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ ‘‘ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေး ’’ အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့မှာ တင်သွင်းခဲ့တဲ့ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းတင်သွင်းထားတဲ့ အုပ်ချုပ်ရေး စီမံခန့်ခွဲရေး ကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေးအဆိုနဲ့ စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြဖို့ဖြစ်ပါတယ်။ အဆိုကို ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၃ ဦး က အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ သီပေါ မဲဆန္ဒနယ်မှ ဦးရဲထွန်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁ း ၅၅ ။**

**ဦးရဲထွန်း(ခ)ဦးမင်းထွန်း(သီပေါ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ကြလျက် မင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့ နေ့တစ်နေ့ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော် အခု ဆွေးနွေးမယ့် အကြောင်းအရာကတော့ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း တင်သွင်းထားတဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေးဆိုတဲ့ အဆိုကိုထောက်ခံ ဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဟာ ကချင်၊ ကရင်၊ ကယား ၊ ချင်း၊ မွန်၊ မြန်မာ ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားပေါင်းစုံ နှစ်ပေါင်းထောင်ချီပြီး အတူတကွ နေထိုင်လာကြတဲ့ တိုင်းရင်းသား

တိုင်းပြည်တစ်ပြည် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အသစ်ဖြစ်ပေါ်စ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ တိုင်းရင်းသားများအရေးကို အခန်း ၁ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၂၂ မှာ ပြဋ္ဌာန်း ထားတာက -

(က) တိုင်းရင်းသားများ၏ စကား၊ စာပေ ၊အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(ခ ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(ဂ ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်လို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၂၂ မှာ ဖော်ပြထားချက်တွေကို လက်တွေ့ဆောင်ရွက်နိုင်ဖို့အတွက်လည်း အချုပ်အခြာအာဏာ ၃ ရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေကို တိုင်းဒေသကြီးများကို သာမကဘဲ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကိုပါ ခွဲဝေအပ်နှင်းထားတာကို အခန်း (၁)နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၁၁ (ခ)မှာ တွေ့ရပါတယ်။ အထက်ဖော်ပြပါ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်တဲ့ ဖော်ပြချက်အနေနဲ့ ယခုကျင်းပဆဲ ပြည်နယ်အသီးသီးရဲ့ လွှတ်တော်တွေထဲမှာရော ပြည်ထောင်စုရဲ့လွှတ်တော်တွေမှာပါ တိုင်းရင်းသားများကို အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲခွင့်တာဝန်တွေကို အထိုက်အလျောက်ပေးအပ်ထားတာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တကယ်တမ်းအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ဆိုရင် တန်းတူရေးနဲ့ သွေးစည်းညီညွတ်ရေးဆိုတဲ့ စိတ်ဓာတ်ကို အမြဲတမ်းနှလုံးသွင်း ထားနိုင်ရမှာဖြစ်ပါတယ်။ ဒါမှ အပြန်အလှန်လေးစားချစ်ကြည်မှုရလာပါမယ်။ အပြန်အလှန် လေးစားချစ်ခင်မှုရှိမှ အပြန်အလှန်ယုံကြည်မှုတွေ တိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ဒီလိုအပြန်အလှန်ယုံကြည်မှုတွေရှိလာမှလည်း ငြိမ်းချမ်းတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ တိုင်းပြည်ငြိမ်းချမ်းမှလည်း စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပြီး သာယာတဲ့နိုင်ငံတစ်ခု ဖြစ်လာမှာပါ။ အဲဒီအခါကျမှ ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တစ်စည်းတစ်လုံးတည်း

အကွဲအပြား အခြားအနားမရှိ သွားလိုရာသွား လည်ပတ်လိုရာ လည်ပတ်နိုင်တဲ့ ပျော်စရာ အတိပြီးတဲ့ ပန်းဥယျာဉ်ကြီး သဖွယ် မြင်တွေ့ကြရမှာပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဦးငွန်မောင်း အဆိုပြုတဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေးဆိုတဲ့ အဆိုဟာ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်ချစ်ကြည်မှုရရှိရေးကို အထောက်အကူဖြစ်မှာပဲလို့ လှိုက်လှိုက်လှဲလှဲ ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၀ ။**

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟားခါးမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးငွန်မောင်းရဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေးဆိုတဲ့ အဆိုကို ရှုထောင့်အမြင်တစ်ခုကနေပြီးတော့ ကျွန်တော် ဆွေးနွေးလိုတာ ဖြစ်ပါတယ်။ ကျွန်တော်မြင်တဲ့ ရှုထောင့် တစ်ခုကတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ကဏ္ဍများမှာ ခွဲတမ်းစနစ် ကျင့်သုံးခြင်းထက်ပေါ့လေ အရည်အချင်းအားဖြင့် စဥ်းစားသင့်ကြောင်းလည်း ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်ပါတယ်။ အဲဒီအတွက် ပြည်ထောင်စုမြန်မာနိုင်ငံလူ့အဖွဲ့အစည်းရဲ့ စီးပွားရေး၊ စစ်ရေး ၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးစတဲ့ အဘက်ဘက်မှ အလျင်မြန်ဆုံး၊ အမြန်ဆုံးနှုန်းထားနဲ့ တိုးတက်ဖို့များစွာ လိုအပ်နေပါသေးတယ်။ ဒီလိုအချိန်မှာ ပြည်ထောင်စုမြန်မာနိုင်ငံလူ့အဖွဲ့အစည်းရဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး စတဲ့ ကဏ္ဍများမှာ အတော်ဆုံးသော နိုင်ငံသားများသာ ရရှိခန့်ထားနိုင်ရန် အရေးကြီးပါတယ်။ ဒါကို ခွဲတမ်းအားဖြင့် တော်သူ ၉၀ % နဲ့ မတော်ပေမယ့် တခြားသော အကြောင်းများကြောင့် ၁၀% ဆိုပြီးတော့ ခွဲတမ်းပေးမယ်ဆိုလို့ရှိရင် ပုဂ္ဂလိက တော်တဲ့ ကာယကံရှင်တစ်ဦးချင်းအတွက် အတော်ဆုံးလူ ၁၀၀ အနက်မှာ ၁၀ ယောက်ဟာ အခွင့်အရေး ဆုံးရှုံးနစ်နာသွားစေပါတယ်။ နိုင်ငံလူ့အဖွဲ့အစည်းတစ်ခုလုံး အနေနဲ့ ဆိုရင်လည်း အတော်ဆုံးသော နိုင်ငံသား ၁၀၀ အနက် ၁၀ ဦးကို အသုံးချခွင့် မရရှိဘဲ တိုင်းပြည်အတွက် လုပ်ငန်းအရည်အချင်း စွမ်းဆောင်ရည်ထိရောက်မှုစွမ်းအား အတိုင်းအတာ တစ်ခုအထိ ကျဆင်းတဲ့ ဒဏ်ကို ခံရပါလိမ့်မယ်။ အကျိုးဆက်တစ်ခုဆိုတာဟာ

တစ်နေရာထဲမှာ ကုန်ဆုံးမသွားဘဲနဲ့ ဆက်လက်ပြီး ပွားများသွားတတ်ကြောင်းကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ စီးပွားရေးနှင့် လူမှုရေးသဘောအရ တိုင်းပြည်ရဲ့ လူ့စွမ်းအား အရင်းအမြစ်များ အပါအဝင် စွမ်းအားများကို အကောင်းဆုံးခွဲဝေအသုံးချမှု ဖြစ်စေတာကတော့ ခွဲတမ်းမဟုတ်ဘဲနဲ့ ပြိုင်ဆိုင်မှုသာ ဖြစ်ပါ တယ်။ တိုင်းပြည်သယံဇာတများကို စွမ်းဆောင်ရည် အမြင့်ဆုံးအသုံးချနိုင်သော ပုဂ္ဂိုလ်အဖွဲ့အစည်းများလက်သို့ ပြိုင်ဆိုင်မှုအားဖြင့် ရောက်ရှိစေခြင်းသည် ကုန်ထုတ်လုပ်မှု တိုးတက်ပြီး ကုန်ဈေးနှုန်းကျဆင်းခြင်းအားဖြင့် နိုင်ငံလူ့အဖွဲ့အစည်းဝင် လူတိုင်းအဖို့ ထိရောက်စွာ အကျိုးခွဲဝေခံစားရဖို့ သို့မဟုတ် လူနေမှုအဆင့် တိုးတက်မြင့်မား စေဖို့ကို ဖြစ်စေပါမယ်။ တစ်ဖန် ကုန်ထုတ်လုပ်မှုတိုးခြင်းမှ အခွန်အကောက်များ ပိုမိုရရှိခြင်းကြောင့် လည်းကောင်း၊ သယံဇာတ စတင်ခွဲဝေစဉ်ကပင် အမြင့်ဆုံးဈေးနှုန်းကို ပေးနိုင်သည့် ပုဂ္ဂိုလ် အဖွဲ့အစည်း လက်သို့ ရောက်စေခြင်းကြောင့် အစိုးရဘတ်ဂျက်မှ အဲဒီကရရှိတဲ့ လိုင်စင်ကြေး၊ ဖိုင်ကြေးစသည်တို့အား ရငွေတိုးတက် စေခြင်းဖြင့်လည်းကောင်းပေါ့လေ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်လူတိုင်းအတွက် အစိုးရက တဖက် ကနေပြီးတော့ ပိုမိုကြည့်ရှုစောင့်ရှောက်လုပ်ကိုင်နိုင်စွမ်းအား များစွာတိုးတက်စေမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ အလားတူ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ကဏ္ဍများမှာ တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေးဆိုတဲ့ အဆိုကို နိုင်ငံရေးအားဖြင့် ခွဲတမ်းစနစ် သုံးစွဲမှုထက် အရည်အချင်း စွမ်းရည်အားဖြင့် ပြိုင်ဆိုင်မှုစနစ်သာ သုံးစွဲသင့်ကြောင်း ပြန်လည်ဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့် အားဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း ၀၅ ။**

**ဦးဖုံးတိန့်(ချီဖွေ မဲဆန္ဒနယ်)။** ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်း ဆက်သပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ကချင်ပြည်နယ် ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖုံးတိန့်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ကဏ္ဍများတွင် တိုင်းရင်းသားများပါဝင်ခွင့် ရရှိရေးအဆိုနဲ့ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးလိုပါတယ်။ ဆွေးနွေးလိုတဲ့ အချက် နှစ် ချက်ရှိပြီး ပထမအချက်အနေနဲ့ ပကတိအခြေအနေ များပေါ်မှာ သုံးသပ်ချက်၊ ဒုတိယအချက်အနေနဲ့ ဝေါဟာရအသုံးအနှုန်းနဲ့ ပတ်သက်တဲ့ အချက်များကို ဆွေးနွေး လိုပါတယ်။

အဆိုရှင်ရဲ့ တင်ပြချက်မှာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍများမှာ ပါဝင်တဲ့-

(က) ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ ပြည်ထောင်စုအဆင့် နေရာများမှာ တိုင်းရင်းသားများ ပါဝင်ရေး ရွေးချယ် ခန့်ထားရန်၊

(ခ) ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဝန်ကြီးနဲ့ ပြည်နယ်နဲ့ တိုင်းဒေသအဆင့်နေရာ

များမှာ တိုင်းရင်းသားများကို ဦးစားပေးရွေးချယ်ခန့်ထားရန်ဖြစ်ပြီး၊ ဦးငွန်မောင်း အဆိုတင်သွင်းတဲ့ ၉-၃-၂၀၁၁ မှာ လွှတ်တော်ရဲ့ နေရာအသီးသီး၌ တိုင်းရင်းသားများအား နေရာပေးရွေးချယ်ထားတာတွေ့ရလို့ ဝမ်းသာကျေနပ်ရကြောင်းနဲ့ ယခုကဲ့သို့ တိုင်းရင်းသား များကို နေရာပေး ရွေးချယ်နိုင်ရေး အဆိုတစ်ရပ်ကို ၎င်းအနေနဲ့ တင်သွင်းတယ်လို့ ကျွန်တော် နားလည်ပါတယ်။ပကတိလက်တွေ့ အခြေအနေများကို ကြည့်လျှင် နိုင်ငံတော်၏ ပြည်ထောင်စု အဆင့်တွင် ဒုတိယ သမ္မတအပါအဝင် အရေးပါသည့် ကော်မတီများ အသီးသီး၌ တိုင်းရင်းသားများ အားလုံး ပါဝင်နေကြပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဆင့်များတွင်လည်း ဝန်ကြီးများနဲ့ အရေးပါသည့် နေရာများမှာ ဒေသခံ တိုင်းရင်းသားများကို နေရာပေးထားကြောင်း တွေ့ရှိရပါတယ်။ ဒီလိုပါဝင်နိုင်ဘို့ မည်သည့် ပါတီ၊ မည်သည့် ပုဂ္ဂိုလ် တစ်စုံတစ်ယောက်ကမျှ တိုက်တွန်းပြောဆိုလို့ တောင်းဆိုလို့ ပါဝင်နေတာမျိုးမဟုတ်ဘဲ ပကတိအရှိတရားအတိုင်း ရွေးချယ် တာဝန်ပေးအပ်ထားတာ ဖြစ်လို့ အင်မတန် ကျေနပ်ဂုဏ်ယူစရာကောင်းခဲ့ပါတယ်။

ဒုတိယအချက်အနေနဲ့ ဝေါဟာရအသုံးအနှုန်းနဲ့ပတ်သက်လို့ တိုင်းရင်းသားဆိုတဲ့ ဝေါဟာရဟာ တိုင်းရင်းသားလူမျိုးအားလုံးကို စုပေါင်းခေါ်ဝေါ်ခြင်းဖြစ်ကြောင်း ကျွန်တော်နားလည်ပါတယ်။ ယခုလို ဂုဏ်ဒြပ်ကြီးမားတဲ့ ပြည်သူ့လွှတ်တော်မှာ အဆိုများ၊ မေးခွန်းများ တင်သွင်းဆွေးနွေးကြရာမှာ ပြည်ထောင်စုစိတ်ဓါတ်ကိုသာလျှင် အရင်းခံပြီး ပြောဆိုဆွေးနွေးပါက ပိုမိုသင့်လျော်မယ်လို့လဲ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ ဒါကြောင့် အဆိုရှင် ဦးငွန်မောင်းရဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ကဏ္ဍများတွင် တိုင်းရင်းသားများ ပါဝင်ခွင့်ရရှိရေး အဆိုတွင် တိုင်းရင်းသားများကို စုံညီစွာ ထည့်သွင်း ထားတာ တွေ့ရှိရပြီး ဖြစ်လို့ အထူးတလည် ဆွေးနွေးဘို့ မလိုအပ်တော့ပါသဖြင့် ၎င်း၏အဆိုကို ပြန်လည် ရုပ်သိမ်းသင့်ပါကြောင်း တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုလေးစား ပါတယ်။ (သြဘာသံများ)

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးရန် ဖြစ်ပါတယ်။ ရှင်းလင်း ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း ၀၃ ။**

**ဦးမောင်ဦး(ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ယနေ့ ပြည်သူ့ လွှတ်တော် အစည်း အဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်ကြီးများအားလုံး ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြစေဖို့ လိုအင်ဆန္ဒတစ်လုံး တစ်ဝကြီး အမြဲတမ်း ပြည့်စုံနိုင်ကြစေဖို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ယခု ဟားခါးမြို့နယ် ကိုယ်စားလှယ် ဦးငွန်မောင်းက အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲ ရေးကဏ္ဍများမှာ တိုင်းရင်းသားများပါဝင်ခွင့် ရရှိရေး ပြည်သူ့လွှတ်တော်ကို အဆိုပြုလာတဲ့ ကိစ္စရပ်များနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနနှင့် တိုက်ရိုက် ပတ်သက်လာတဲ့ အဆိုဖြစ်တဲ့အတွက် အခုလို တက်ရောက်ပြီးတော့ ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။ ဒီလိုအခွင့်အရေး ရလို့လဲ အင်မတန်ကို ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံရမယ့် အဆိုဖြစ်တယ်။ ရှင်းလင်းပြခွင့် ရတဲ့ အဆိုဖြစ်တယ်လို့ ကျွန်တော် တစ်ဦးတည်းရဲ့ ဆန္ဒအရခံယူကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီးလည်း ပြည်သူ့ ကိုယ်စားလှယ်ကြီး ၃ ဦးလုံးက မိမိတို့ရဲ့ အမြင်၊ မိမိတို့ရဲ့ ယူဆချက်၊ မိမိတို့ရဲ့ သိကြားနားလည်ချက် တွေကို ရှုထောင့်အသီးသီးကအဆိုပြုသွားကြပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံတော်က ပြဋ္ဌာန်းထားပြီးတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်လျက် ရှိတယ်ဆိုတာကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ အားလုံးခင်ဗျာ။ ဒီအဆိုပြုချက်နဲ့ ပတ်သက်ပြီးတော့ လက်ရှိကျွန်တော်တို့ နိုင်ငံတော်မှာ နိုင်ငံတော် တစ်ဝန်းလုံးက ထောက်ခံအတည်ပြုခဲ့ကြတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေနဲ့ပဲ ပြန်လည် ချိန်ထိုး စဉ်းစားသင့်ပါတယ်လို့ ပထမဆုံး အနေနဲ့ ဖြေကြားလိုပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း ၈ မှာ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များနှင့် ပတ်သက်တဲ့ ဥပဒေပုဒ်မ ၃၄၈ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ၊ ရာထူးဌာနန္တရ အဆင့်အတန်း၊ ယဥ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု

မရှိစေရဟု ဖော်ပြပါရှိပါတယ်။ ပုဒ်မ ၃၄၉ မှာလည်း နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းများကို ရရှိစေရမည်။ ပြည်သူ့ဝန်ထမ်း တာဝန် ထမ်းဆောင်မှု၊ အလုပ်အကိုင်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ ဝိဇ္ဇာ၊ သိပ္ပံနည်းပညာများ ရှာဖွေ ဖော်ထုတ်မှုဟု ဖော်ပြ ပါရှိပါတယ်။

ပုဒ်မ ၃၅၂ မှာ ဆိုရင် နိုင်ငံတော်ဟာ အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံတော် ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းများနှင့် ပြည့်စုံပါက ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ သာသနာ အမျိုးသား၊ အမျိုးသမီးအကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရဟု ဆိုရာတွင် အမျိုးသားနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ် ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရဟု ဖော်ပြပါရှိပါတယ်။

ပုဒ်မ ၃၆၈ မှာဆိုရင် နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ဘာသာ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားမှု မထားရှိပဲ ယင်းတို့၏ အရည်အချင်းအလိုက် ချီးမြှင့်ထောက် ပံ့မည်ဟုလည်းကောင်း၊ ပုဒ်မ ၂၉၀ မှာ နိုင်ငံ့ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစား ယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အမှုထမ်းစည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်းတို့ကို ဥပဒေ နှင့်အညီ ဆောင်ရွက်ရမည်ဟုလည်းကောင်း ဖော်ပြပါရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ဟားခါးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း တင်ပြခဲ့တဲ့ အဆိုပြုချက်နှင့် ပတ်သက်လို့ တိုင်းရင်းသားများအားလုံးကို တန်းတူရည်တူ အခွင့်အရေးပေးထားပြီး ဖြစ်ကြောင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သက်သေခံ လျက်ရှိ ပါတယ်။ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတို့ဆိုရာမှာ ဥပဒေ ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အမိန့် ညွှန်ကြားချက်၊ မူဝါဒအတိုင်းသာ အစိုးရဝန်ထမ်းများအားလုံးက လုပ်ကိုင်ဆောင်ရွက်ပေးရတာ ဖြစ်ပါ တယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းပြီးတော့မှ နိုင်ငံ့ဝန်ထမ်း ရွေးချယ်ရေး၊လေ့ကျင့်ရေး၊ဝန်ထမ်းစည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေး၊သတ်မှတ်ရေး တာဝန်တွေကို ဆောင်ရွက်နေရပါတယ်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က စိစစ်ခန့်အပ်ပြီး တဲ့ဝန်ထမ်းများကို ဗဟိုဝန်ထမ်းတက္ကသိုလ်မှာ လိုအပ်တဲ့သင်တန်းအဆင့်ဆင့်ကို တက်ရောက်စေပြီး တော့မှ အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့်အတန်းတွေ မှီအောင် လေ့ကျင့်သင်ကြားပြီးမှ ဝန်ထမ်းကို ခန့်အပ်ပေးတာဖြစ်ပါတယ်။ ဝန်ထမ်းတွေခန့်အပ်တော့မယ်ဆိုရင်လည်း မည်သည့်အဆင့်၊ မည်သည့်

ဝန်ထမ်းကိုမဆို သက်ဆိုင်ရာဝန်ကြီးဌာနက နိုင်ငံတော်အစိုးရအဖွဲ့မှာ ပါဝင်တဲ့ စီမံကိန်းနဲ့ ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ကိုတင်ပြီး အတည်ပြုချက်ရယူပြီးတော့မှ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ရပါတယ်။ ဒီကအတည်ပြုချက်ရမှသာလျှင် နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်မှာဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ထမ်းကို အများဆန္ဒနဲ့ ရွေးချယ်တင်မြှောက်လို့ ခန့်အပ်လို့မရပါကြောင်းပြောကြားလိုပါတယ်။ နိုင်ငံတော်အနေနဲ့လည်း တိုင်းရင်းသားအားလုံးကို ပညာတတ်၊ ရိုးရိုးဘွဲ့ရ၊ ဘွဲ့လွန်ဒီအဆင့်ထိ ပညာတွေသင်ပေးနေပါတယ်။ အထူးသဖြင့် တိုင်းရင်းသားများကို အခမဲ့ပညာ သင်ပေးနိုင်ဖို့အတွက် တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက လက်အောက်ခံဒီဂရီကောလိပ်များကိုပါ ဖွဲ့စည်းလျက်ပညာသင်ကြားပေးလျက်ရှိပါတယ်။ ၎င်းကျောင်းတွေက ဆင်းလာတဲ့ကျောင်းသားများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများကို ခွဲဝေပြီး၊ ခန့်အပ်ပြီးတော့နိုင်ငံတော်ရဲ့ တာဝန်များကို ပေးအပ်လျက်ရှိပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်တော်ကြီး ဦးငွန်မောင်း တင်ပြခဲ့တဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအဆင့်အနေနဲ့ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက် ရှိပါတယ်လို့ ပထမတစ်ပိုင်းဖြေကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးအနေနဲ့ မိမိရဲ့အဆိုကို ထပ်မံရှင်းလင်း တင်ပြတဲ့နေရာမှာ တိုင်းရင်းသား လူမျိုးများကို ပြည်ထောင်စုအဆင့်မှာပဲ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တွေမှာလည်း ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်နဲ့ ပြည်နယ်ရှေ့နေချုပ်တွေလို ရာထူးနေရာတွေမှာ ထည့်သွင်းစဉ်းစားပေးသင့်ကြောင်း တင်ပြပေးခဲ့တာကို တွေ့ရှိရပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ သတ်မှတ်ထားတဲ့ တိုင်းနဲ့ပြည်နယ် ၁၄ ခုမှာ ပါဝင်ခဲ့တဲ့ ပြည်နယ်အားလုံးမှာ အာဏာ သုံးရပ်နဲ့ဆိုင်တဲ့ ရာထူးတွေမှာ ခန့်အပ်ဖို့ လျာထားချက်တွေလည်း ထွက်လာကြပြီးဖြစ်ပါတယ်။ ဒီအမည်စာရင်းတွေကို တွေ့ရှိလေ့လာကြည့်မယ်ဆိုရင် ဒီအဆိုကို အလိုလိုဆောင်ရွက်ပြီးသား ဖြစ်နေတယ် ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ထပ်မံပြီးတော့ ရှင်းလင်းတင်ပြရမယ်ဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀၂ ၊ ပုဒ်မ ၂၃၂ ၊ ပုဒ်မ၂၃၄၊ ပုဒ်မ၂၃၅ တို့အရ နိုင်ငံတော်သမ္မတရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့် အဖြစ်ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်ကြောင်းကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုအဆင့်ကလုပ်ပေးပြီးသား၊ သတ်မှတ်ပေးပြီးသားကိစ္စရပ်သာ ဖြစ်နေပါသဖြင့် ကိုယ်စားလှယ်တော်ကြီး တင်သွင်းတဲ့ လွှတ်တော်သို့ တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ထပ်မံတင်သွင်းရန် မလိုတော့သောအဆို ဖြစ်နေပါကြောင်း ပြန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အဆိုကို စတင် တင်သွင်းတဲ့ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအဆိုနဲ့ပတ်သက်

ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ဆွေးနွေးခဲ့ပါတယ်။ ထိုနည်းတူစွာပဲ ပြည်ထောင်စု အဆင့်အဖွဲ့ဝင်က ဆွေးနွေးရှင်းလင်းခဲ့တာ ရှိပါတယ်။ ရှုထောင့်အသီးသီးက ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေး ပေးတဲ့အတွက်လည်း ကျွန်တော်နဲ့တကွ လွှတ်တော် ကိုယ်စားလှယ် အားလုံး ပိုမိုသဘောပေါက်သိမြင်သွားပြီလို့ ယူဆပါတယ်။ ဆွေးနွေးချက်တွေ ကြည့်လိုက်တဲ့အခါမှာ အခုဟားခါးမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း တင်သွင်းထားတဲ့ အဆိုဟာ ဒီကနေ့ ဒီအဆိုနဲ့ အဓိပ္ပါယ်တူညီတဲ့ ဆောင်ရွက်မှုတွေ၊ ဆောင်ရွက်ခဲ့တယ်၊ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုဟာ ထပ်မံ တင်သွင်းစရာမလိုတော့ဘူးလို့ ကျွန်တော်တော့ ဒီလိုပဲ သဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ ဦးငွန်မောင်း အနေနဲ့ ဘယ်လိုသဘောထား ဆန္ဒများရှိပါသလဲ၊ ဖြေကြားပေးပါ။

**ဦးငွန်မောင်း(ဟားခါးမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ယခု အဆိုတင်သွင်းတုန်းက (၉-၂-၂၀၁၁)ခုနှစ်မှာ ဖြစ်ပါတယ်။ အဲဒီအချိန်အခါမှာဆိုလျှင် ကျွန်တော်တို့ ရွေးကောက်ပွဲ၊ ရွေးချယ်ပွဲတွေ မရှိသေးပါဘူး၊ စခါစပဲရှိပါသေးတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်က တိုင်းရင်းသားအခွင့်အရေးကို တောင်းဆိုတဲ့ အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားများအားလုံး ကိုယ်စားပြု ပြောတာ ဆိုတာလည်းဦးဆုံး တင်ပြတယ်ဆိုတာလည်း အဲ့ဒီအချိန်မှာ ဘယ်လိုဖြစ်လာမလဲဆိုတာ ဘာမျှမသိရ သေးတဲ့ အချိန်မှာ တင်ပြခြင်း ဖြစ်ပါတယ်။ အခုအခါမှာ ဝန်ကြီးက ရှင်းပြပေးတဲ့အတွက် ကျွန်တော်တို့ ဒီလွှတ်တော်မှာဖြစ်စေ၊ တိုင်းနဲ့ ပြည်နယ် အားလုံးများမှာပဲ ဖြစ်ဖြစ် တိုင်းရင်းသားများကို နေရာများစွာပေးပြီး ဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့လည်း ဒီအဆိုကို ဆက်လက်တင်သွင်းရန် မလိုတော့ပါကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။အဆိုရှင် ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းက သူတင်သွင်းခဲ့တဲ့ အဆိုကို ဆက်လက် မတင်တော့ဘဲနဲ့ ပြန်လည် ရုပ်သိမ်းပါမယ် ဆိုတဲ့အကြောင်း ယခုလို တင်ပြပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်အနေနဲ့ ဦးငွန်မောင်းရဲ့ တင်ပြချက်ကို သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ဦးငွန်မောင်း၊ ဟားခါး မဲဆန္ဒနယ်က ၎င်း၏ အဆိုကို မတင်သွင်း လိုတော့ကြောင်း တင်ပြချက်အရ ယင်းအဆိုအား ဆက်လက်ဆောင်ရွက်ရန် မလိုကြောင်း ကြေညာ ပါတယ်။

**အချိန်၊ ၁၂ း ၃၀ ။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ စားသုံးရန် အစည်းအဝေးကို ၁နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အစည်းအဝေးကို နေ့လယ် ၁၃း၃၀ နာရီအချိန်မှာ ပြန်လည်စတင်ပါမယ်။ ကိုယ်စားလှယ်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး အစည်းအဝေးခန်းမ အတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[နေ့လယ်စာ သုံးဆောင်ရန် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၃း ၃၀ ။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ ''ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စု အစိုးရက ဆောင်ရွက်ပေးရေး '' အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ တင်သွင်းခဲ့တဲ့ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း တင်သွင်းထားတဲ့ **''ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စု အစိုးရက ဆောင်ရွက်ပေးရေး ''** အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် နှစ် ဦးက အမည် စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃ း ၃၈ ။**

**ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ဟားခါး မဲဆန္ဒနယ်မှ ဦးငွန်မောင်း အဆိုတင်သွင်းသည့် ချင်းပြည်နယ်တွင်လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေး အဆိုကို ထောက်ခံ တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်သည် မြို့နယ် ကိုးမြို့နယ်၊ မြို့နယ်ခွဲ သုံးမြို့နယ်တို့နှင့် ဖွဲ့စည်းထားပြီး၊ ချင်းလူမျိုးများသည် ပြည်ထောင်စုကြီး၌ ရှေးယခင်ကပင် အတူယှဉ်တွဲ နေထိုင်ခဲ့သည့်

တိုင်းရင်းသားညီနောင်ဘွား ရင်းချာ မျိုးနွယ်စုတစ်ခု ဖြစ်ပါသည်။ မြန်မာ့သမိုင်းတွင် နယ်ချဲ့ကို ရှုပ်ရှုပ်ချွံချွံတော်လှန်ခဲ့သည့် တော်လှန်ရေးခေါင်းဆောင် ဂွန်ဘိခေါ် ဗိုလ်ဆွန်ပက်သည် ချင်းလူမျိုး ဖြစ်ပြီး ၎င်းကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်မှ ရန်ကုန်မြို့၏ အင်္ဂလိပ်အမည် မောင်ထော် လေးလမ်းအား ဗိုလ်ဆွန်ပက်လမ်းဟု ခေါ်တွင်စေခဲ့သည်အထိ အလေးထားခဲ့ရသော တိုင်းရင်းသား လူမျိုး ဖြစ်ခဲ့ပါသည်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းဝိသေသတိုင်း အဖြစ်ရှိစဉ်က မြို့နယ် ခုနှစ်မြို့နယ်သာ ရှိခဲ့သော်လည်း ယခုအခါတွင် ချင်းပြည်တောင်ပိုင်းတွင် ကန်ပက်လက်၊ မင်းတပ်၊ မတူပီ၊ ပလက်ဝမြို့ လေးမြို့နှင့် ချင်းပြည်မြောက်ပိုင်းတွင် ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ မြို့ ငါး မြို့ ပါဝင်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ပိုင်း ချင်းပြည်နယ်မှ ချင်းပြည်နယ်မြို့တော် ဟားခါးမြို့သည် တောင်ပိုင်းမှ အနီးဆုံး မတူပီမြို့နှင့် လမ်းမပေါက်ပါ။ တစ်ဖန် တောင်ပိုင်းချင်းပြည်နယ် အတွင်းရှိ ပလက်ဝမြို့နှင့် အနီးဆုံးမြို့မှာ မတူပီမြို့ဖြစ်ပြီး မိုင် ၁၃၅ မိုင်ခန့်ကွာဝေးပါသည်။ သို့သော် လမ်းမ ပေါက်ပါ။ ခုနှစ်ရက်ခန့်သွားရသည့် လူသွားလမ်းသာရှိပါသည်။ ပလက်ဝမြို့နယ်မှ ချင်းလူမျိုးများ သည် ချင်းပြည်နယ်မြို့တော် ဟားခါးမြို့သို့ သွားလာရန် အဆင့်ဆင့် ခက်ခဲသဖြင့် ရောက်ဖူးသူ နည်းပါးကြောင်း သိရှိရပါသည်။ ထို့ပြင် ပလက်ဝမြို့သည် ချင်းပြည်နယ်အတွင်းရှိ မည်သည့်မြို့နှင့်မျှ အဆက်အသွယ်မရှိသည့်မြို့ ဖြစ်နေသဖြင့် ပလက်ဝ ချင်းလူမျိုးသည် အခြား ချင်းလူမျိုးများနှင့် စကားပြော နားလည်သဘောပေါက်ရန် အခက်အခဲဆုံး ချင်းလူမျိုးဖြစ်၍ စကားမပေါက်ကြောင်း သိရပါသည်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ်တွင် အခါအားလျော်စွာ ကျင်းပပြုလုပ်လျက်ရှိသည့် ပြည်နယ်အားကစားပွဲတော်၊ ပညာရေးစုံညီပွဲတော်၊ မြို့နယ်ပေါင်းစုံပွဲတော် စသည်ဖြင့် ကျင်းပ ပြုလုပ်ရာတွင် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် အချိန်နှောင့်နှေးရခြင်း၊ သတ်မှတ်ချိန် အတိုင်း ဆောင်ရွက်ရန် ခက်ခဲခြင်း၊ အဆင့်ဆင့်ဖြတ်သန်းသွားလာရသော ခရီးလမ်းပိုင်းများ များပြား၍ အချိန်ပိုယူ၍ဆောင်ရွက်ရခြင်း၊ ကုန်ကျစရိတ်အလွန်များခြင်းတို့ကို ကြုံတွေ့နေရကြောင်းသိရပါသည်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်း ကလေးမြို့မှ တီးတိန်မြို့၊ ထိုမှတစ်ဆင့် အိန္ဒိယနယ်စပ်ဒေသ၊ ရိဒ်မြို့နယ်ခွဲထိ ဖောက်လုပ်ထားလျက်ရှိသော လမ်းမှာ ရာသီမရွေးသွားလာနိုင်မည့် နယ်စပ် ကုန်သွယ်ရေး လမ်းမကြီးအဖြစ် ဖော်ဆောင်နိုင်မည်ဆိုလျှင် ပြည်ထောင်စု၏ ပြည်မကြီးသို့ အိန္ဒိယ နယ်စပ်မှ ချင်းပြည်နယ်ကို ဖြတ်သန်း၍ တိုက်ရိုက်လမ်းမကြီး ဖြစ်လာပါမည်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့နှင့် အိန္ဒိယနယ်စပ် ရိဒ်နယ်သည် ၆၄ မိုင်ခန့် ရှိသော လမ်းမှာ မိုးတွင်းအသုံးပြုရန် အလွန်ခက်ခဲနေပါသည်။ ဤလမ်းအား ရာသီမရွေး အသုံးပြု နိုင်ပါက ဖလမ်းမြို့သည်လည်း အလွန်ဖွံ့ဖြိုးတိုးတက်လာမည့် ကုန်သွယ်ရေးမြို့တစ်ခု ဖြစ်လာပါမည်။

ထို့အပြင် ဟားခါးမှ ထန်တလန်ကို ဖြတ်၍ အိန္ဒိယနယ်စပ်ရှိ ကုလားတန်မြစ်ကမ်း ဆာဆီချောက် ဒေသမှာ အိန္ဒိယနိုင်ငံ ဆာဂါအူ( SAGAU) မြို့နှင့် မြစ်တစ်ဖက်ကမ်းစီတွင် ရှိသဖြင့် ထိုလမ်းအား ကားလမ်းကြောအဖြစ် ရာသီမရွေးသွားလာနိုင်ရန် ဆောင်ရွက်နိုင်ပါက ချင်းပြည်နယ် မြို့တော်သည် လည်း ကုန်သွယ်ရေး အချက်အချာ မြို့တော် ဖြစ်လာပါမည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် ပြည်ထောင်စုကြီး၏ ပြည်မအတွင်းမှ အကူအညီများပေးကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဥဒဟို ကူးလူးဆက်ဆံရေးမှာ အဆင်မပြေသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအား ချင်းပြည်နယ်သို့ တာဝန် ထမ်းဆောင်ရန် စေလွှတ်လျှင်ပင် " **ပြစ်ဒဏ်ဖြစ်၍ ဝေးလံသောခေါင်သော၊ သွားရခက်ခဲသော အရပ်သို့ ပို့ခံရသည်** " ဟူသော အယူအဆများ ရှိနေခဲ့ပါလျှင် ပြောင်းလဲပစ်ရန် လိုအပ်ပါမည်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ် ဆွေးနွေးတင်ပြရလျှင် ချင်းပြည်နယ်သည် မြန်မာပြည်တွင် သာယာလှပဆုံး ဒေသတွင် တစ်ခုအပါအဝင်ဖြစ်သည်နှင့်အညီ လူတိုင်းသွားဖူးရောက်ဖူးချင် ကြပါသည်။ သို့သော် အထက်ပါ ဖော်ပြခဲ့သည့် အခက်အခဲများသည် ချင်းပြည်နယ် ပြည်သူများ သာမက ချင်းပြည်နယ်တိုးတက်မှုတွင် ပါဝင်နေကြသော နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ပညာရှင်များ အတွက် အဟန့်အတား ဖြစ်နေပါသည်။ ချင်းပြည်နယ်တွင် ဒေသဖွံ့ဖြိုးမှုအတွက် အရေးပါသော နယ်စပ်ကုန်သွယ်မှုများ အမြန်ဆုံး ဖော်ဆောင်နိုင်ရေးမှာ ရာသီမရွေးသွားလာနိုင်သော အဆင့်မြင့် လမ်းများဖောက်လုပ်ခြင်း၊ ကောင်းမွန်စွာထိန်းသိမ်းခြင်းတို့ကို မဖြစ်မနေ ဆောင်ရွက်ပေးဖို့လိုကြောင်း၊ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း တင်သွင်းသည့် အဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြရင်း ကျွန်တော်၏ ဆွေးနွေး တင်ပြခြင်းကို နိဂုံးချုပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ယခုဆက်လက်ပြီး ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းအား ဆွေးနွေးရန် ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၃ း ၄၅ ။**

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဖလမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သပါတယ်။ ယမန်နေ့က ဟားခါးမဲဆန္ဒနယ် လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း တင်သွင်းသွားတဲ့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးရန် အဆိုကို တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးချိန်က ယနေ့အထိ ချင်းပြည်နယ်၊ ချင်းဝိသေသတိုင်း ဖြစ်ပါတယ်။ အကြောင်းကတော့ ပြည်ထောင်စုရှိ အခြားပြည်နယ်များနှင့်မတူဘဲ ထူးခြားသော ပထဝီမြေအနေအထားနှင့် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး ပြည်နယ် အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ချင်းများ၊ ဘာသာစကားပေါင်း ၃၅ မျိုးခန့်ရှိပါတယ်။ ယနေ့တိုင်ပဲ ဘုံစကားလည်း မရှိနိုင်သေးပါ။ ဆက်ဆံရေး၊ ပေါင်းသင်းရေး နည်းပါးသဖြင့် ဒေသစွဲစိတ် ဖြစ်ပေါ်လာပြီး ပြည်နယ်အတွင်းမှာ စည်းလုံးညီညွတ်မှု အားနည်းနေရခြင်းမှာလည်း ချင်းပြည်နယ်ရဲ့ ထူးခြားတဲ့အသွင် တစ်မျိုးလည်း ဖြစ်တယ်လို့ပြောရင် မမှားပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စုအစိုးရက အမြော်အမြင်ကြီးစွာနဲ့ ချင်းပြည်နယ်အတွင်း မော်တော်ကားလမ်းများ ဖောက်လုပ်ပေးလျက် ရှိနေပါတယ်။ ယနေ့မှာ ပြည်မမှ ချင်းပြည်နယ်သို့သွားရာ လမ်းမကြီး ၃ ခု ဖြစ်တဲ့ ကလေး-တီးတိန်-တွန်းဇံ-ဖလမ်းနဲ့ ဟားခါးလမ်း၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-ကန်ပက်လက်-မတူပီလမ်းများကို အသုံးပြုပြီး ပြည်မနဲ့ ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်ပါတယ်။ သို့သော်လည်း ဆယ့်နှစ်ရာသီသွား ကားလမ်းမကြီးအဆင့် ရောက်ရှိရန် လိုအပ်ပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့ဟာ ကျန်ရှိသော ချင်းပြည်နယ် ရှစ်မြို့နယ်နှင့် ဆက်သွယ်ရန် လမ်းမရှိသေးပါ။ ပလက်ဝမှ ပြည်နယ် မြို့တော် ဟားခါးသို့ သွားရာလမ်း နှစ် မျိုးရှိပါတယ်။ ပထမလမ်းကတော့ ပလက်ဝမှ ဟားခါးထိ ကုန်းလမ်းဖြင့် ခြေလျင်သွားသောလမ်း၊ ထိုလမ်းဖြင့် သွားလျှင် အသွားအပြန် ရက် ၃၀ ခန့်ကြာမည် ဖြစ်ပါတယ်။ အခြားလမ်းမှာ ရခိုင်ပြည်နယ်မှ တဆင့် ရန်ကုန်သို့ ဆင်းလာပြီး ချင်းပြည်နယ်သို့ ဆက်သွားရသော ခရီးဖြစ်၍ အသွားအပြန် ၁၅ ရက်ခန့် ကြာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြသော လမ်းများအပြင် နယ်စပ်ကုန်သွယ်ရေး ပိုမိုချောမွေ့အဆင်ပြေနိုင်ရန် နိုင်ငံအကြီးအကဲများနှင့် အိန္ဒိယအစိုးရတို့မှ သဘောတူ လက်မှတ်ရေးထိုးပြီး လမ်းအူကြောင်းများကိုပါ ရှာဖွေပြီးစီးသည့် အိန္ဒိယမှ ဆောက်လုပ်ပေးမည့် လမ်းတစ်လမ်းရှိကြောင်းလည်း သိရှိရပါတယ်။ အဓိက ကလေး-တီးတိန်-လှိုင်းဘွဲ -ဒရောက်ချောင်း တိုးချဲ့ဖောက်လုပ်လျက်ရှိပြီး ကတ္တရာလမ်းဖြစ်ရန်သာ လိုအပ်ပါတော့တယ်။ နံပါတ် ၂ ဖလမ်း-ရိဒ် ဖြစ်ပြီး အိန္ဒိယ ဘက်မှ ၂၀၀၆ ခုနှစ် တွင် လမ်းအူကြောင်း ရှာဖွေခဲ့ပြီး ယနေ့တိုင် လမ်းဖောက်လုပ်ခြင်း မပြုနိုင်သေးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်တွင် လွယ်ကူစွာနဲ့ အချိန်ကုန်သက်သာစွာ ပြည်နယ်မြို့တော် ဟားခါးသို့ အချိန်မရွေး သွားရောက်နိုင်ရန် ပလက်ဝမြို့မှ မတူပီ-ဟားခါးလမ်းကို ဖောက်လုပ်ပေးရန် တင်ပြလိုပါတယ်။ နောက်ဆုံးအနေနဲ့ ယခုလက်ရှိဖောက်လုပ်ပြီးလမ်းများ စံချိန်မီ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန်၊ ဒုတိယအနေနဲ့ ပလက်ဝမှ မတူပီ ကားလမ်း ဆောလျင်စွာဖောက်လုပ်ပေးရန်၊

တတိယအနေနဲ့ ဖလမ်း-ရိဒ်လမ်းကို ရာသီမရွေး အသုံးပြုနိုင်သော လမ်းအဖြစ် တည်ဆောက်ပေးရန် ဆိုတဲ့အချက်ကို တင်ပြရင်း ကျွန်တော့်ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးငွန်မောင်း၊ ဟားခါး မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄ း ၀၀ ။**

**ဦးခင်မောင်မြင့်(ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ချင်းပြည်နယ် ဟားခါးမြို့နယ်မဲဆန္ဒနယ်ကိုယ်စားလှယ် ဦးငွန်မောင်းကနေပြီးတော့ ပြည်သူ့ လွှတ်တော်အစည်းအဝေးကို တင်သွင်းခဲ့တဲ့ အဆိုဖြစ်တဲ့ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရန်ဆိုတဲ့ အဆိုနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြရန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ကနေပြီးတော့ ချင်းပြည်နယ်အပေါ်မှာ လမ်းပန်းဆက်သွယ်မှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှုတွေကို ယခုလို ရှင်းလင်းပြောကြားခွင့် ရရှိအောင် အဆိုတင်သွင်းပေးခဲ့သော ဦးငွန်မောင်းကို အထူးပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလို ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းကနေပြီးတော့ ချင်းပြည်နယ် အတွင်းမှာ အဓိကလမ်းမကြီး ရှစ် လမ်းကို ဆောင်ရွက်လျက်ရှိပြီးတော့ လမ်းကွန်ယက် သဖွယ် ဆောင်ရွက်နေသော လမ်းပေါင်း ၂၆ လမ်းရှိပါတယ်။ အဲဒီ ၂၆ လမ်းကတော့ အသစ် ဖောက်လုပ်ခြင်း၊ ပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊တိုးတက်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်အလိုက်၊ နှစ်အလိုက်တာဝန်ယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ အဓိက

လမ်းမကြီး ရှစ် လမ်းကတော့ ဟားခါး-ဖလမ်း-သိုင်းငင်း-ကလေးလမ်း (၁၁၅ မိုင်၊ ၁ဖာလုံ)၊ သိုင်းငင်း-တီးတိန်- တွန်းဇံ - ကျီခါးလမ်း(၁၀၇ မိုင်၊ ၅ ဖာလုံ)၊ တီးတိန်-ရိဒ်လမ်း(၃၂ မိုင်၊ ၃ ဖာလုံ)၊ ဖလမ်း-ရိဒ်လမ်း(၆၄ မိုင်၊ ၂ဖာလုံ)၊ ဟားခါး-ဂန့်ဂေါလမ်း(၇၀ မိုင်၊ ၄ဖာလုံ)၊ ဟားခါး-ရေဇွာ-မတူပီလမ်း (၁၇၂ မိုင်၊ ၇ ဖာလုံ)၊ မတူပီ-မင်းတပ်-ကျောက်ထုလမ်း(၁၁၄ မိုင်၊ ၇ဖာလုံ)၊ မတူပီ-ပလက်ဝလမ်း(၁၃၅ မိုင်၊ ၃ ဖာလုံ)ဖြစ်ပြီးတော့ ချင်းပြည်နယ်အတွင်းမှာ လမ်းမိုင်စုစုပေါင်း ၁၀၉၄ မိုင် ၊ ၆ ဖာလုံ ရှိပါတယ်။ အဲ့ဒီ လမ်းတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လမ်းအမျိုးအစားပြောမယ်ဆိုရင်လည်း ကတ္တရာလမ်း အနေနဲ့ ၂၈၇ မိုင် ၇ဖာလုံ၊ကျောက်လမ်း ၂၈၂ မိုင် ၃ဖာလုံ၊ အမာခံလမ်း ၁၅ မိုင် ၄ဖာလုံ၊ မြေလမ်း ၅၀၉ မိုင် နဲ့စုစုပေါင်း ၁၀၉၄ မိုင် ၆ ဖာလုံဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ချင်းပြည်နယ်မှာ မြေလမ်းဟာ အမာခံ လမ်းသို့လည်းကောင်း၊ အမာခံလမ်းကနေ ကျောက်လမ်းသို့လည်းကောင်း၊ ကျောက်လမ်းကနေ ကတ္တရာလမ်းသို့လည်းကောင်း၊ နှစ်စဉ်နှစ်စဉ်ရရှိသည့် ငွေပေါ်မူတည်ပြီးတော့ တိုးမြှင့်ပြီးဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ချင်းပြည်နယ်မှာ တည်ဆောက်ပြီးတဲ့ တံတားတွေ ကို ရှင်းလင်းပြောကြားရရင်ပေ ၅၀ အောက် ရေပွန်တံတား ၈၀ စင်း၊ ပေ ၅၀ မှ ပေ ၁၀၀ အောက်တံတား ၂၉ စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ အောက်တံတား တစ် စင်း၊ ပေ ၁၈၀ တံတား ငါး စင်း ရှိပြီးတော့ စုစုပေါင်း၊ တံတားပေါင်း ၁၁၅ စင်း တည်ဆောက်ထားတာ ရှိပါတယ်။ ဒီနေရာမှာ ပေ ၂၇၀ အရှည်ရှိတဲ့ နတ်ဇံတံတား၊ ပေ ၂၄၀ ရှိတဲ့ ထည်မျိုတံတား၊ ပေ ၃၄၀ အရှည်ရှိတဲ့ ဗားရ်တံတား၊ ၃၈၅ ပေအရှည်ရှိတဲ့ ကပ်တဲလ် တံတား၊ ပေ ၄၆၀ အရှည်ရှိတဲ့ မန်ဆွောင်တံတားတို့ဟာ ဒီ ဆယ်စုနှစ် အတွင်းမှာ ချင်းပြည်နယ် တိုးတက်အောင် တည်ဆောက်ပေးခဲ့သော ပေ ၁၈၀ အထက် တံတားကြီး များလည်း ဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကနေပြီးတော့ ချင်းပြည်နယ် ရဲ့ လမ်းတံတားများ တိုးတက်တည်ဆောက်နိုင်ရန်အတွက် ပြည်နယ်အင်ဂျင်နီယာမှူးရုံး တစ် ရုံး၊ ခရိုင် အင်ဂျင်နီယာမှူးရုံး နှစ် ရုံး၊ မြို့နယ်အင်ဂျင်နီယာမှူးရုံး ကိုး ရုံး၊ မြို့နယ်ခွဲအင်ဂျင်နီယာမှူးရုံး သုံး ရုံး ဖွင့်လှစ်ပြီးတော့ ပြည်နယ်အတွင်းမှာရှိတဲ့ လမ်းတွေ၊ တံတားတွေ တိုးတက်ပြီး ထိန်းသိမ်းပြုပြင်ခြင်း၊ တည်ဆောက်ခြင်းများကို တာဝန်ပေးဆောင်ရွက်လျက် ရှိပါတယ်။ ချင်းပြည်နယ်အတွင်းမှာ ရှိတဲ့ လမ်းတံတားတွေ အထူး တိုးတက်ကောင်းမွန်စေရေး အတွက် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆောင် သော လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ ၁၂ ကို ဟားခါးမှာလည်းကောင်း၊ ၁၉၉၄ ခုနှစ်က စပြီးတော့ အခြေစိုက်ရုံး နှစ်ရုံးဖွင့်လှစ်ပြီး ချင်းပြည်နယ်ရဲ့ လမ်းတံတားများကို တာဝန်ပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့ ချင်းပြည်နယ်မှာ အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆိုရင်

အင်ဂျင်နီယာမှူးကြီး ၁ ဦး၊ လမ်းအထူးအဖွဲ့ ၂ ဖွဲ့ကနေပြီးတော့ ဒုတိယအင်ဂျင်နီယာမှူးကြီး ၂ ဦး၊ ခရိုင်အင်ဂျင်နီယာမှူးကြီး၊ လက်ထောက်အင်ဂျင်နီယာ ၁၄ ဦး၊ အငယ်တန်းအင်ဂျင်နီယာ(၁) ၁၅ ဦး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ၃၄ ဦး၊ အငယ်တန်းအင်ဂျင်နီယာ(၃) ၁၄ ဦး၊ အငယ်တန်း အင်ဂျင်နီယာ (၄) ၈ ဦး၊ ပုံဆွဲဝန်ထမ်း ၄ ဦး စတဲ့ အင်ဂျင်နီယာဝန်ထမ်း စုစုပေါင်း ၉၀ ဦးရှိပါတယ်။ ဒါ့အပြင် ရုံးဝန်ထမ်း ၇၅ ဦး ခန့်အပ်ပြီးတော့ လုပ်သားအင်အား ၃၀၀ တို့နဲ့ စုဖွဲ့ပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။

တင်ပြပါ အဖွဲ့လိုက်ဆောင်ရွက်တဲ့ နေရာမှာ စက်၊ ယာဉ်၊ ယန္တရား များကို ရှင်းပြရရင် မြေထိုးစက် ၁၄ စီး၊ မြေညှိစက် ၈ စီး၊ မြေတူးကော်တင်စက် ၁၂ စီး၊ လမ်းကြိတ်စက် ၃၃ စီး၊ ကျောက်ခွဲစက် ၇ လုံး၊ ကရိန်း ၁ စီး၊ မြေသယ်ယာဉ် ၇၂ စီး၊ ဆီရေသယ်ယာဉ် ၄ စီး၊ အုပ်ချုပ်မှုသုံးယာဉ် ၁၅ စီး စုစုပေါင်းစက်၊ ယာဉ်၊ ယန္တရား ၁၆၆ စီးနဲ့ ပုံသေထားပြီးတော့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို လုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့အချိန်မှာ လုပ်ငန်းလိုအပ်ချက်အရ ယာဉ်ယန္တရားပိုင်းဆိုင်ရာလိုအပ်လို့ရှိရင် ထပ်ဖြည့်ရွှေ့လျားပေါင်းစပ်ပြီး လုပ်ပေးလျက်ရှိကြောင်း ရှင်းလင်းလိုပါတယ်။

ဒါကြောင့်မို့ လူအင်အား၊ စက်အင်အားနှင့် ချင်းပြည်နယ်ရဲ့ လမ်းတံတားများ၊ လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်များချပြီးတော့ တစ်နှစ်ထက်တစ်နှစ်တိုးတက်ကောင်းမွန် အောင်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မှ ချင်းပြည်နယ်တွင် ချင်းလူမျိုးဖြစ်တဲ့ အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်ကို ချင်းပြည်နယ် အတွင်းမှာရှိတဲ့ လမ်းတံတားများ တိုးတက်ကောင်းမွန်ရန်အတွက် ၁၉၈၇ ခုနှစ်ကနေစပြီးတော့ ယနေ့ အထိ အဆင့်ဆင့်ရာထူးတွေတိုးပြီးတော့ တခြားပြည်နယ်ကို မပြောင်းလဲဘဲနဲ့ ယနေ့ဆိုရင်ပြည်နယ် တာဝန်ခံအဖြစ် အင်ဂျင်နီယာမှူးကြီးအဖြစ် ခန့်ပြီးတော့ ချင်းပြည်နယ်မှာ တာဝန်ပေးပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ ဒါကြောင့်မို့လည်း ချင်းပြည်နယ်ကို ချင်းအင်ဂျင်နီယာ အဖြစ် တိုးတက်အောင် ဆောင်ရွက်ဖို့ ဆိုပြီးတော့အမြဲတမ်း လမ်းညွှန်ခိုင်းလိုက်တဲ့အတွက် ယခု လမ်းတံတား တွေဟာ ယခင့်ယခင်နှစ်ထက်စာရင် ပိုမိုတိုးတက်လာတယ်ဆိုတာအားလုံးသိရှိပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ရေမြေတောတောင် သဘာဝဟာ မတ်စောက်တဲ့ တောင်တန်းတွေပေါ်များပါတယ်။ မြေအမျိုးအစားဟာလည်း လွန်စွာညံ့ပါတယ်။ မိုးတွင်းကာလမှာလည်း တောင်တွေပြိုပြီး ပိတ်ဆို့မှုတွေ မကြာခဏ ဖြစ်တဲ့အတွက် ဆက်သွယ်မှုတွေလည်း ပြတ်တောက်ခဲ့ပါတယ်။

ဒါကြောင့်မို့ ဒီဟာတွေကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင်အရည်အသွေး မီတဲ့လမ်းခင်းကျောက်တွေ ရှားပါးတာကြောင့် အရည်အသွေးမီတဲ့ကျောက်တွေကို နေရာအနှံ့မှာ ရှာဖွေပြီးတော့ ကြိုးစားပြီး ဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ ယခုအခါမှာ ချင်းပြည်နယ်နဲ့ အတူ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွေကို လမ်းတံတားများ တိုးတက်ရေးနဲ့ပတ်သက်လို့ တံတားပိုင်းဆိုင်ရာများနှင့် ပတ်သက်လို့ ညွှန်ကြားချက်ပေးပြီးသားဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တံတားအားလုံး သံကူကွန်ကရစ်တံတားများဖြစ်ရေးအတွက် ပထမအဆင့်အနေနဲ့ပေ ၅၀ အောက် တံတားများအားလုံးကို ပထမအဆင့်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပေ ၅၀ အောက်ဆောင်ရွက်ပြီးတာနဲ့ တစ်ပြိုင်နက် ပေ ၅၀ နဲ့ပေ ၁၀၀ ကြားမှာရှိတဲ့တံတားတွေကို ဒုတိယအဆင့်အနေနဲ့လုပ်ရမှာဖြစ်ပါ တယ်။ နောက်ပေ ၁၀၀ နှင့် ၁၈၀ အောက်တံတားများကို တတိယအဆင့်အနေနဲ့ အဆင့် သုံး ဆင့် ခွဲပြီး တော့တံတားမှန်သမျှ ကွန်ကရစ်တံတားဖြစ်ရေးဆောင်ရွက်လျက်ရှိပါတယ်။ ပေ ၁၈၀ အထက်တံတား များရှိခဲ့လို့ရှိရင်တော့ အစိုးရအဖွဲ့ကို တင်ပြပြီး ခွင့်ပြုချက်ရယူကာ ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ ချင်းပြည်နယ်မှာ ကတ္တရာတန် ၈၂၄ တန် ခွဲပြီးတော့ပို့ခဲ့ ပါတယ်။ ယခင်နှစ်များကဆိုရင် ကတ္တရာတန် ၅၀၀ နီးနီးလောက်ပဲ ပေးနိုင်တာဖြစ်ပါတယ်။ ယခုနှစ်မှာ ဆိုရင် ချင်းပြည်နယ်အတွက် ၃၂၄ တန် ပိုမိုပြီး ဖြန့်ခွဲပေးခဲ့တာဖြစ်ပါတယ်။

နောက်ချင်းပြည်နယ်မှာ ပြည်နယ်လမ်းမကြီးဖြစ်တဲ့ ဟားခါး-ရေဇွာ-မတူပီ လမ်းမကြီး တိုးတက်ရေး အတွက်လည်းဆောင်ရွက်နေပါတယ်။ ဒါမှသာလျှင် ချင်းပြည်နယ်ရဲ့မြောက်ပိုင်းနဲ့ တောင်ပိုင်း ဆက်သွယ်မှုကောင်းမွန်မှာ ဖြစ်တဲ့အတွက် ဒီလမ်းကိုလည်း အထူးအလေးအနက်ထား ဆောင်ရွက်ပေး ပါတယ်။ တစ်ဖက်ကလည်း ပလက်ဝ-ကလက်ဝ-မြိတ်ဝ ကုန်သွယ်ရေး လမ်းကြောင်း ကြီးကလည်း အိန္ဒိယနိုင်ငံကနေပြီး IRCON ကုမ္ပဏီ(Indian Railway Construction Company Limited) နှင့် ကျွန်တော်တို့ မြန်မာနိုင်ငံက မက်စ် ကုမ္ပဏီတို့ပူးပေါင်းပြီးတော့ ဒီလမ်းလုပ်ဖို့အတွက် စီမံချက်ချထားပါပြီ။ ယခုအချိန်မှာ အကြိုအင်ဂျင်နီယာလုပ်ငန်းတွေလည်း စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်းလည်း ရှင်းလင်းပြောကြားလိုပါတယ်။ ဒ့ါအပြင် ပလက်ဝ-မတူပီ လမ်းဟာလည်း ဆက်လက်ပြီး အဆင့်မြှင့် တင်ရေးအတွက် လုပ်နေပါတယ်။ ဒီလမ်းကြောင်းနဲ့ ပတ်သက်လာရင် ယခင်က လုံခြုံရေးအားနည်းတဲ့အတွက် ကျွန်တော်တို့ အနေနဲ့ အသင့်အတင့်သာ လုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ယခုအချိန်မှာ လုံခြုံရေးအင်အား တောင့်တင်းလာပြီ ဖြစ်ပါတယ်။ ပလက်ဝမှာလည်း တပ်ရင်းများအခြေစိုက် ဖွင့်လှစ်ပြီး ဖြစ်တဲ့အတွက် ဒီလမ်းပိုင်းဆိုင်ရာ အဆင့်မြှင့် ဆောင်ရွက် သွားရမှာဖြစ်ကြောင်း ရှင်းလင်းပြော ကြားလိုပါတယ်။ ဒ့ါအပြင် ခုနတုန်းကတင်ပြခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ တီးတိန်နဲ့ ရိဒ်မှာ ရှိတဲ့လမ်း ကိုလည်း အိန္ဒိယနိုင်ငံနဲ့ ကျွန်တော်တို့ ဘတ်ဂျက်ငွေနဲ့

ကျွန်တော်တို့ ဒီအစီအစဉ်နဲ့ ကျွန်တော်တို့ ဆီက ကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့လည်း အဲဒီလမ်းတွေကိုလည်း ဆောင်ရွက်သွားဖို့ရှိတယ်ဆိုတာ ရှင်းလင်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်နဲ့ ဆက်စပ်နေတဲ့ လမ်းတစ်လမ်းဖြစ်တဲ့ ကျောက်တော်- ပလက်ဝ လမ်းကိုလည်း တိုးတက်ပြီးဆောင်ရွက်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ စက်၊ ယာဉ်၊ ယန္တရား (၃၀)၊ လမ်းအထူးအဖွဲ့ (၈)ရယ်၊ တံတားအထူးအဖွဲ့(၁၆)ရယ်ကို လမ်းနှင့်တံတားတည်ဆောက်ရေး အတွက် ကျောက်တော်နဲ့ ပလက်ဝ များမှာ ယခုအချိန်မှာ လုပ်ငန်းများဆောင်ရွက်နေပါပြီ။ လမ်းကြမ်း ဖောက်ပြီး ဖြစ်ပါတယ်။ တံတားများပဲ ကျန်တော့တယ်လို့ ရှင်းလင်းပြောကြားလိုပါတယ်။

ဒါ့အပြင် ဟားခါး-မတူပီ၊ မတူပီ-ပလက်ဝ၊ ကျောက်တော်-ပလက်ဝ စတဲ့ အိန္ဒိယနဲ့ ဆက်စပ်နေတဲ့လမ်းကြောင်းတွေကို ရခိုင်ပြည်နယ်နဲ့ဆက်သွယ်လျက်ရှိတဲ့လမ်းများ၊ ဒါ့အပြင် ချင်းတောင်ရဲ့ တောင်ပိုင်း၊ မြောက်ပိုင်း ဆက်သွယ်တဲ့လမ်းများ ဒီလမ်းတွေကို အဆင့်ဆင့်ဘက်စုံတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလို နိုင်ငံတော်ကနေပြီးတော့ ချင်းပြည်နယ်နဲ့ ဆက်စပ်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့နှင့် ပြည်နယ်ဝင်ပေါက်များ၊ လမ်းများအပြင် ကုန်သွယ်ရေးလမ်းကြောင်းများ၊ နယ်စပ်ဒေသမှာရှိတဲ့ လမ်းကြောင်းများကို ဘက်စုံထောင့်စုံကနေ ဖွံ့ဖြိုးတိုးတက်အောင် တစ်စိုက်မတ်မတ် ဆောင်ရွက်နေပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်ကြီးရဲ့ တင်ပြထားသော ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရန် အဆိုသည် နိုင်ငံတော်ကနေပြီး ဆောင်ရွက်ပေးထားသော လုပ်ငန်းများဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးရဲ့တင်ပြချက်အဆိုဟာ တင်ပြစရာမရှိလောက်အောင်ပြီးပြည့်စုံအောင် ဆောင်ရွက်ပြီးနေတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်ကြီးအဆိုကို မိမိနိုင်ငံတော်အနေနဲ့ ပြည့်စုံစွာ လုပ်ပေးနေပြီးဖြစ်ကြောင်း မေတ္တာရပ်ခံရှင်းလင်းရင်း ကျွန်တော်ရဲ့ ရှင်းလင်းတင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းတင်သွင်းသည့်အဆိုနှင့် ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက ဆွေးနွေးသွားပြီးတဲ့နောက်မှာ ပြည်ထောင်စုအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးက ပြန်လည်ပြီးတော့ အသေးစိတ်ရှင်းပြသွားပါတယ်။ ဒီလိုရှင်းပြချက်များကို လွှတ်တော်ဥက္ကဋ္ဌနှင့်တကွလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကြားသိပြီးဖြစ်ပါတယ်။ ကြားသိချက်အတိုင်း ကြည့်ရမယ် ဆိုရင်တော့ ယခု ဦးငွန်မောင်းတင်ပြထားတဲ့အဆိုဟာ နိုင်ငံတော်ကနေပြီးတော့ စနစ်တကျစီစဉ် ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် သီးခြားအဆိုတင်သွင်းရန်မလိုတဲ့ အခြေအနေရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ အဆိုစတင်တင်သွင်းတဲ့ ဦးငွန်မောင်းရဲ့သဘောထားကို သိလိုပါတယ်။

**ဦးငွန်မောင်း(ဟားခါးမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်ပြီးတော့ အခက်အခဲနှင့်ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးက စိတ်ရှည်လက်ရှည် ပြည့်ပြည့်စုံစုံရှင်းလင်းပေးတဲ့အတွက် အင်မတန်မှပဲ ဝမ်းသာမိပါတယ်။ ဒါ့ကြောင့်မို့လို့ ယခုလိုပြည့်ပြည့်စုံစုံ သိရှိပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော့်အဆိုကို ဆွေးနွေးရန်မလိုတော့ပါကြောင်း ကျွန်တော် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် တင်ပြအဆိုပြုခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းရဲ့အဆိုအား ဆက်လက်တင်ပြစရာမလိုတဲ့အကြောင်းနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့သဘောထားကို ကျွန်တော်မေးမြန်းပါမယ်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရန်မလိုတော့ကြောင်း ဦးငွန်မောင်းရဲ့ တင်ပြချက်ကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ဦးငွန်မောင်း တင်သွင်းတဲ့ အဆိုနှင့်စပ်လျဉ်းပြီး ဆက်လက် ဆောင်ရွက်ရန် မလိုတော့ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏“ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး” အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းက အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ကြိုတင်ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ (က)အရ အဆိုတင်သွင်းမည့်ကိုယ်စားလှယ်အား ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့နောက် သက်ဆိုင်ရာကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် (သို့မဟုတ်) အဆိုကို မတင်သွင်းလိုတဲ့အကြောင်းတင်ပြရန် ဖြစ်ပါတယ်။ **“ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး”** အဆိုကို တင်သွင်းဖို့ ဦးငွန်မောင်းအားဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄ း ၀၅ ။**

**ဦးငွန်မောင်း (ဟားခါး မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်က ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း နိုင်ငံခြားဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့် ရရှိရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အဆိုတင်သွင်းတဲ့

ကိစ္စကို ကျွန်တော် တင်ပြသွားမည် ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း နိုင်ငံခြားသား ခရီးသည်များ လွတ်လပ်စွာ ဝင်ရောက်သွားလာ နိုင်ခြင်းမရှိသေးကြောင်းကို ယခုအချိန်မှာ တွေ့ရှိရပါတယ်။ ကန်ပက်လက်မြို့နယ်၊ နတ်မတောင်ဘက် ကနေပြီးတော့ ကျန်မြို့နယ်များ အထူးသဖြင့် ချင်းပြည်နယ် (မြောက်ပိုင်း)သို့ နိုင်ငံခြားသားခရီးသည်များ လွတ်လပ်စွာ ဝင်ရောက်သွားလာနိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် နိုင်ငံခြား ဧည့်သည်နဲ့ ခရီးသည်များ ဟားခါး-ဖလမ်း-တီးတိန်သို့ သွားလိုပါက သွားလာခွင့်မရဘဲ စစ်ကိုင်းတိုင်း ကလေးမြို့အထိသာ သွားလာခွင့်ရှိသည်ကို တွေ့ရှိရပါတယ်။

ချင်းပြည်နယ်လူထုသည် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသေးသောလူမျိုး၊ ဗဟုသုတနည်းသေးသောလူမျိုးများဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားများဝင်ရောက်သွားလာခြင်းဖြင့် ပြည်နယ်အနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့်အပြင် ဗဟုသုတများလည်း ရရှိလာမှာဖြစ်ပါသဖြင့် နိုင်ငံခြားခရီးသည်များ ချင်းပြည်နယ်အတွင်း လွတ်လပ်စွာဝင်ရောက်သွားလာခွင့်ရရှိရေးကို ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်ခင်ဗျား။ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အဆိုနှင့်ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးရန် လိုအပ်ပါတယ်။ ထောက်ခံဆွေးနွေးတဲ့သူ ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄ း ၀၆ ။**

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်) ။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်။ ယခုဟားခါးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း တင်သွင်းတဲ့ ချင်းပြည်နယ်အတွင်း နိုင်ငံခြားသား ဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက် သွားလာခွင့်ပြုရေးအဆိုအား ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် အထောက်အကူဖြစ်စေတဲ့ အဆိုဖြစ်တဲ့အတွက်ကြောင့် ကျွန်မ ထောက်ခံအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းတင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့်ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး

အဆိုဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်-မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးငွန်မောင်းတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဟားခါး မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်းတင်သွင်းတဲ့အဆိုနဲ့စပ်လျဉ်းပြီး ၊ လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။

## လက်ခံဆွေးနွေးရန်ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဟားခါး မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်းတင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ တနင်္လာနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ဆွေးနွေးပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၈(ဂ)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့ လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်၏ " စီးပွားရေးအခွင့်အလမ်း နည်းပါးလှသော ချင်းပြည်နယ်ရှိ ပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းအလို့ငှာ ချင်းပြည်နယ်အတွင်းသို့ ကမ္ဘာလှည့် ခရီးသည်များ ဝင်ရောက်ခွင့်ကို ဖွင့်လှစ်ပေးပါရန် " အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄ း ၁၀။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အလုံမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်က အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ကြိုတင် ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၈(က)အရ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အနေနဲ့ ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က မိမိ အဆိုကို ဦးစွာဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန်ဖြစ်ပါတယ်။ စီးပွားရေးအခွင့်အလမ်း နည်းပါးလှသော ချင်းပြည်နယ်ရှိ ပြည်သူလူထု၏

အလုပ်အကိုင်၊ အခွင့်အလမ်းအလို့ငှာ ချင်းပြည်နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များဝင်ရောက်ခွင့်ကို ဖွင့်လှစ်ပေးရန် အဆိုကို တင်သွင်းဖို့ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်ကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ကျွန်တော်မှ ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းခြင်းအဖြစ် စီးပွားရေးအခွင့်အလမ်းနည်းပါးလှသော ချင်းပြည်နယ်ရှိ ပြည်သူလူထု၏အလုပ်အကိုင်၊ အခွင့်အလမ်းအလို့ငှာ ချင်းပြည်နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်ကို ဖွင့်လှစ်ပေးပါရန် ဟူသော အဆိုတင်သွင်းခြင်းနှင့်ပတ်သက်၍ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းအဆိုတင်သွင်းခဲ့တဲ့ ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့်ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေးအဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်မှ ဆုံးဖြတ်အတည်ပြုပြီးဖြစ်ပါတယ်။ ထိုအဆိုနှင့် ကျွန်တော်တင်သွင်းမည့်အဆိုမှာ ရည်ရွယ်ချက်ခြင်းတူညီနေပါတယ်။ ဦးငွန်မောင်းတင်သွင်းသောအဆိုတွင် ကျွန်တော်မှ ပါဝင်ပူးပေါင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့ကြောင့်လွှတ်တော်၏ အချိန်များကို တန်ဖိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ကျွန်တော်တင်သွင်းမည့်အဆိုအား လွှတ်တော်နည်းဥပဒေ ၁၃၈ (က)အရ မတင်သွင်းလိုတော့ကြောင်း လွှတ်တော်သို့ တင်ပြပါတယ်ခင်ဗျား။ (ဩဘာသံများ)

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ “ချင်းပြည်နယ်၏မြို့တော်ဟားခါးကို အခြားပြည်နယ်၊ မြို့တော်များ ကဲ့သို့ အဆင့်မီတည်ဆောက်ပေးရေး” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄ း ၁၄ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းက အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ကြိုတင်ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(က)အရ အဆိုပါတင်သွင်းမည့် ကိုယ်စားလှယ်အနေနဲ့ ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန်ဖြစ်ပါတယ်။ ချင်းပြည်နယ်၏ မြို့တော် ဟားခါးကို အခြားပြည်နယ်၊ မြို့တော်များကဲ့သို့ အဆင့်မီတည်ဆောက်ပေးရေး အဆိုကို တင်သွင်းဖို့ ဦးငွန်မောင်းအား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄ း ၁၅ ။**

**ဦးငွန်မောင်း(ဟားခါးမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဟားခါးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ မြို့တော် ဟားခါးကို အခြားတိုင်းနှင့်ပြည်နယ် မြို့တော်များကဲ့သို့ အဆင့်မီ တည်ဆောက်ပေးရေးဆိုတဲ့ ခေါင်းစဥ်နဲ့ ကျွန်တော် တင်သွင်းသွားတဲ့ အဆိုကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ် မြို့တော် ဟားခါးမြို့ကို အခြားတိုင်းနှင့်ပြည်နယ်မြို့ကဲ့သို့ အဆင့်မီတည်ဆောက်ပေးနိုင်ရန် ကျွန်တော်တင်ပြရမည်ဆိုလျှင် ယခုအခါ လမ်းမကြီးများနဲ့ လမ်းသွယ်အချို့တွင် ကတ္တရာများ ခင်းပြီး ဖြစ်သော်လည်းပဲ ချင်းပြည်နယ်သည် မိုးများသောဒေသဖြစ်ပါသဖြင့် မိုးရွာရာတွင် ခင်းပြီးသော ကတ္တရာစေးများမှာ ကြာရှည်မခံပဲနဲ့ လမ်းများပြန်လည် ပျက်စီးသွားတာကို တွေ့ရှိရပါတယ်။ တစ်နှစ်လောက်ပင် မခံဘူးဟု ဆိုနိုင်ပါတယ်။ သို့ပါ၍ မြို့တော်သာယာလှပရေးနဲ့ အများပြည်သူသွားလာရေးလွယ်ကူချောမွေ့စေရန် စံချိန်စံညွှန်းမီသော ကတ္တရာလမ်းများ ခင်းပေးပါရန် ကျွန်တော်တင်ပြပါတယ်။ အလားတူပဲ လျှပ်စစ်ဓာတ်အားပေးရေးစနစ်နဲ့ ရေပေးဝေမှုစနစ်မှာလည်း မြို့တော်အဆင့်မရှိသေးပါသဖြင့် မြို့တော်အတွင်း(၂၄)နာရီ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ရေလုံလောက်စွာရရှိနိုင်ရေးနဲ့ ရေပေးဝေစနစ်ကောင်းမွန်ရေး ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ဦးငွန်မောင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးဖို့ဖြစ်ပါတယ်။ ထောက်ခံဆွေးနွေးလိုသူရှိပါက ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်) ။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ယခုဟားခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းတင်သွင်းသွားတဲ့ ချင်းပြည်နယ်၏မြို့တော်ဟားခါးကို အခြားပြည်နယ်၊ မြို့တော်များ ကဲ့သို့ အဆင့်မီတည်ဆောက်ပေးရေး အဆိုကို ကျွန်မကထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ဦးငွန်မောင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးရှိတဲ့အတွက် အဆိုတင်သွင်းခြင်းကိုလက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်ရဲ့ သဘောထားကို မေးမြန်းပါမယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်က ဦးငွန်မောင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်က သဘောတူတဲ့အတွက် ဦးငွန်မောင်းတင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းတင်သွင်းတဲ့အဆိုကို ၂၀၁၁ခုနှစ်၊ မတ်လ ၁၄ ရက်၊ တနင်္လာနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး န၀မနေ့မှာ ဆွေးနွေးပါ မယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၈(ဂ)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် အနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး န၀မနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄ း ၁၈ ။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး န၀မနေ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ ၁၄ ရက်၊ တနင်္လာနေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေး အဋ္ဌမနေ့ကို ၁၄း၂၀ နာရီ အချိန်တွင် ရပ်နားပါသည်။]